မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၆ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နက်စတာ ကားလို့စ် ကာချပ်စ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ရေးစီမံကိန်းပြီးစီးပါက Boeing 747-400 လေယာဉ်ကြီးများ ဆင်းတက်နိုင်မည်ဖြစ် နိုင်ငံတကာအဆင့်မီလေဆိပ်ကြီးဖြစ်အောင် ပူးပေါင်းဆောင်ရွက်

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



ရန်ကုန် မေ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ပြေးလမ်း မြောက်ဘက်တိုးချဲ့ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ရှစ်လက်မထု အောက်ခံဘိလပ်မြေ ကွန်ကရစ်ထု အခြေခံလွှာခင်းခြင်းလုပ်ငန်း၊ ၁၄ လက်မ ထုအောက်ခံ ဘိလပ်မြေကွန်ကရစ် အခြေခံလွှာခင်းခြင်းလုပ်ငန်းများကို လေယာဉ်ပြေးလမ်း တိုးချဲ့ပေ ၃၁၀၀ အရှည်နှင့် အကျယ် ပေ ၂၀၀ ပတ်လည်နှင့် လေယာဉ်ကွေ့ရန်နေရာ ၅၂၅ ပေ X ပေ ၂၀၀ တို့တွင် ခင်းပြီးမှုအခြေအနေများအားလည်းကောင်း၊ သုံးလက်မ ကတ္တရာကွန်ကရစ် အောက်လွှာခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆက်လက်၍ အပြီးသတ် နှစ်လက်မထု ကတ္တရာကွန်ကရစ် မျက်နှာပြင်လွှာခင်းခြင်းလုပ်ငန်းများကို ညှိနှိုင်းမှာကြားသည်။

ဆင်းတက်နိုင်မည်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုးချဲ့လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေး၍ အဆိုပါစီမံကိန်းပြီးစီးပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ပြေးလမ်းအရှည်မှာ ပေ ၁၁၂၀၀ နှင့် အကျယ်ပေ ၂၀၀ ရှိမည်ဖြစ်ပြီး Boeing 747-400 လေယာဉ်ကြီးများ ဆင်းတက်နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(မေ ၂၅ ရက်)၌ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နှစ်ရှည်ပင်ဖြင့် သားစဉ်မြေးဆက် စီးပွားဖြစ်ရန် မျိုးမှန်မှ ပျိုးသန်ပြီး ရေရှည်အဖိုးတန်မည့် အထွက်ကောင်း ရော်ဘာမျိုးများ စိုက်ပျိုးကြပါစို့

မျိုးအောင်ပြီးသော ရော်ဘာပျိုးပင်များကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကွင်းဆင်းမေးမြန်းရေးသားသူ–မြင့်မောင်စိုး
သတင်းဓာတ်ပုံ – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သော နိုင်ငံဖြစ်သည်နှင့်အညီ စပါးပိုလျှံရမည်၊ စားသုံးဆီဖူလုံရမည်၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရမည်ဟူသော ရည်မှန်းချက်များဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အရေးကြီး

ထိုရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာ၊ ဆီအုန်းနှင့် သီဟိုဠ်သရက်ကဲ့သို့သော နှစ်ရှည်ပင်များ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည်လည်း အရေးကြီးသည့်လုပ်ငန်း ဖြစ်သည်။

အဆိုပါ နှစ်ရှည်ပင်များအနက်မှ ရော်ဘာကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက **“မြန်မာ့ရွှေဖြူ ရိုးမကို လွှမ်းစေမည်”**ဟူသောဆောင်ပုဒ်ဖြင့် ရော်ဘာပင်များ စိုက်ပျိုးထုတ်လုပ်ခဲ့သည်မှာ ယခုအခါ ရော်ဘာစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာနိုင်သည်ကို တွေ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

25-5 (01).p65 1 1/23/32, 11:29 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၂၅ ရက်)

နိုင်ငံတော်နှင့်ပုဂ္ဂလိက နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် အရည်အသွေးကောင်းကျောက်မျက်များ တိုးမြှင့်ရောင်းချ

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ရွှေ၊ ငွေ၊ ကျောက်မျက်၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် ပုလဲစသည့် အဖိုးတန်သယံဇာတများသည် အရည်အသွေးကောင်းမွန်သောကြောင့် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည်။

မြန်မာ့ရတနာမြေများမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ခင်းကျင်းပြသ ရောင်းချခဲ့သည်။

သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာပြပွဲများကို ယခင်က တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် သတ်မှတ်ရောင်းချခဲ့သော်လည်း ယခုအခါ ထုတ်လုပ်မှုအပေါ် အခြေခံ၍ အချိန်သတ်မှတ်မှုမထားဘဲ လိုအပ်လျှင် လိုအပ်သလို ရောင်းချပေးလျက်ရှိရာ ၂၀၀၆ ခုနှစ် ဇွန်၊ ဇူလိုင် ကျောက်စိမ်းအထူးရောင်းချပွဲကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း၌ ခင်းကျင်းပြသရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ကျောက်မျက်၊ ကျောက်စိမ်းဈေးကွက် တိုးတက်ဖွံ့ဖြိုးနေပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲများကို စိတ်ဝင်စား အာရုံစူးစိုက်လာကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကျောက်မျက်ရတနာထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ရတနာထုတ်လုပ်မှုလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကြီးမားသည့်အပြင် ခက်ခဲပင်ပန်းစွာ လုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်သည်။ သို့ဖြစ်၍ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများကို ထိုက်တန်သည့် တန်ဖိုးရရှိစေရန်နှင့် မြန်မြန်ဆန်ဆန်ရောင်းချနိုင်စေရန် နိုင်ငံတော်က စီစဉ်ပေးနေသည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်ကသာ အဓိကဆောင်ရွက်ခဲ့ပြီး ယခုအခါ တိုင်းရင်းသားပုဂ္ဂလိက ကျောက်မျက်ရတနာ ကုမ္ပဏီများကပါ အကျိုးတူ တူးဖော်ခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ကိုင်လာသည်နှင့်အမျှ နိုင်ငံတော်အတွက် ဝင်ငွေပိုမိုတိုးတက် ရရှိလာမည်ဖြစ်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပုဂ္ဂလိကကုမ္ပဏီများ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် အရည်အသွေးကောင်း ကျောက်မျက်ရတနာများ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကြီးမှူး အခြေခံစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူး ဖွင့်လှစ်သော အခြေခံစီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်အရှေ့ပိုင်း ခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ တက်ရောက်သည်။

တက်ရောက်

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါ်ခင်လှမြင့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းရွှေယဉ်၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက သင်တန်းအဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်ကြားပို့ချ

အဆိုပါသင်တန်း၌ နိုင်ငံတော်မူဝါဒနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ညွှန်ကြားချက်များ၊ ရုံးလုပ်ငန်းဆောင်ရွက် ပုံနည်းစနစ်၊ အညွှန်း ကိန်းဖြည့်စွက်ပုံနည်းစနစ်နှင့် ခာတ်ပုံမှတ်တမ်းများ တင်ပြပုံနည်းစနစ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာ လက်ခံကျင့်သုံးနေသည့် စံချိန်စံနှုန်းများနှင့်အညီ ရောဂါပိုးစစ်ဆေးမှုများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

ရန်ကုန် မေ ၂၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်း သာကေတမြို့နယ် ရှူခင်းသာလမ်းရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်ရောဂါပိုး စစ်ဆေးရေးဓာတ်ခွဲခန်းသို့ရောက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် တာဝန်ရှိသူများက ရေထွက်ပစ္စည်းနှင့် သားငါးဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ရောဂါပိုးဆိုင်ရာကင်းရှင်းရေးအတွက် စမ်းသပ်စစ်ဆေးမှုများ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတကာ လက်ခံကျင့်သုံးနေသည့် စံချိန်စံနှုန်းများနှင့်အညီ အရည်အသွေးကောင်းမွန်အောင် ရောဂါပိုးစစ်ဆေးမှုများအချိန်နှင့်တစ်ပြေးညီ စိစစ်ကြပ်မတ်ဆောင်ရွက်ရေး အသေးစိတ်မှာကြားပြီး ပဋိဇီဝဓာတ်ကြွင်း စမ်းသပ်စစ်ဆေးခြင်းနှင့် ဗိုင်းရပ်ရောဂါပိုး စစ်ဆေးဓာတ်ခွဲခန်းများ၊ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထိုမှ တစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် သာကေတ ရှူခင်းသာလမ်းရှိ Yuzans Edible Oil Group ၏ တစ်နေ့လျှင် တန် ၃၀၀ကျ စားအုန်းဆီသန့်စက်ရုံသို့ ရောက်ရှိပြီး စားအုန်းဆီကုန်ချော၊ ထုပ်ပိုးမှု အဆင့်ဆင့်ကိုလည်းကောင်း၊ ဈေးကွက်တင်ပို့ရန် အသင့်ဆောင်ရွက်ပြီး စားအုန်းဆီကုန်ချောများ အခြေအနေကို လည်းကောင်း၊ ကွန်ပျူတာထိန်းချုပ်စက်များဖြင့် ချိန်တွယ်ထုပ်ပိုးမှု အခြေအနေကိုလည်းကောင်း လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စားအုန်းဆီသန့်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် ခေတ်မီကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်ဆောင်ရွက်နေမှု အဆင့်ဆင့်ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅-၅-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသ သတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်း ရတနာ”** (အပိုင်း-၄၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်မတင်ကလေး”** (အပိုင်း-၆)

■ *ကျောဖုံးမှ*

အစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့အစည်းသတိထားဆောင်ရွက်သွားကြစေလိုကြောင်း၊ ဖတ်စာအုပ်များကို ဖြန့်ချိရာဌာနများက ကျောင်းသားများလက်ဝယ်သို့ အချိန်မီ လွယ်လွယ်ကူကူ၊ ဈေးနှုန်းမှန်မှန်ဖြင့် ရောက်ရှိရေး ဖြန့်ချိသွားရန် အရေးကြီးကြောင်း။

လက်ဝယ်ရောက်ရှိရေး

ဖတ်စာအုပ်များကို ကျောင်းသားများ လက်ဝယ်သို့ ကျောင်းအပ်နှံချိန်တွင်စတင်ဖြန့်ဝေပြီး အားလုံးကို ဇွန်လအတွင်းအပြီးဖြန့်ဝေရန်ဖြစ်ကြောင်း၊ ဖြန့်ဝေပြီးစီးမှုကို ဖြန့်ချိရေးဆပ်ကော်မတီမှ ဇွန်လကုန်တွင် ပြန်လည်တင်ပြပေးရန်လိုအပ်ကြောင်း၊ ဖတ်စာအုပ်များကိုဖြန့်ဝေသည့်ကိစ္စတွင်ဖြန့်ချိရာဌာနမှ ကျောင်းသားများထံ လက်ဝယ်စေရန် ဖတ်စာအုပ်များကို နိုင်ငံတော်ပုံနှိပ်စက်များဖြင့် ရိုက်နှိပ်သွားရန်၊ လက်ဆင့်ကမ်း ဖြန့်ဝေနိုင်ရေး ဆောင်ရွက်ပြီး ခြိုးခြံချွေတာရေးမူအရ လိုအပ်သလောက်သာပုံနှိပ်ရေး စီစဉ်ဆောင်ရွက်သွားရန်တို့ဖြစ်ကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနက ဖတ်စာအုပ်များမှာကြားသည့် အရေအတွက်ကို ရိုက်နှိပ်ရာတွင် ဒေသအလိုက် လိုအပ်ချက်နှင့်အညီ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ နိုင်ငံတော် ပုံနှိပ်စက်များဖြင့် အရေအတွက် ခွဲဝေရိုက်နှိပ်သွားရမည်ဖြစ်ကြောင်း၊ ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ဖတ်စာအုပ်များကို ၂၀၀၇ခုနှစ် မတ်လအလယ်တွင် ပုံနှိပ်ပြီးစီးရန်လျာထားကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က၂၀၀၆–၂၀၀၇ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေမှုနှင့် ဖြန့်ချိမှုများနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဝေးတွင် အဓိကအပိုင်းနှစ်ပိုင်းကို ပြောကြားလိုကြောင်း၊ ယင်းတို့မှာ ၂၀၀၆–၂၀၀၇ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိမှု အခြေအနေနှင့် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိသွားမည့် အခြေအနေတို့ ဖြစ်ကြောင်း၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ဖတ်စာအုပ်များ ရိုက်နှိပ်မှုမှာ ပြီးစီးပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ ဖြန့်ချိမည့် ဖြန့်ချိရေးဌာနအားလုံးဧပြီလတွင် ပေးပို့ရောက်ရှိပြီးဖြစ်ကြောင်း။

ကျောင်းသားများ ကျောင်းအပ်ချိန်မှစ၍ ကျောင်းသားများ လက်ဝယ်သို့ ရောက်ရှိအောင် စီမံဆောင်ရွက်ထားကြောင်း၊ ပြီးခဲ့သည့်နှစ်က အတွေ့အကြုံအရ အချို့သောနေရာများသို့ ဖတ်စာအုပ်များ အချိန်မီမရောက်ရှိသည့်အခြေအနေများ ရှိထားသဖြင့် ယင်းကဲ့သို့ မဖြစ်ပေါ်စေရန် အထူးရောက်ရှိရေး ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့နိုင်သဖြင့် ယင်းအခက်အခဲများကို ပြေလည်အောင် ဖြေရှင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တွေ့ကြုံရသည့် အခက်အခဲများကိုလည်းတင်ပြကြစေလိုကြောင်း။

အသိပေးကြေညာ

သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ကျောင်းဖွင့်ချိန်၌ ကျောင်းအပ်နှံသည်နှင့်အတူ ကျောင်းသုံးဖတ်စာအုပ်များဖြန့်ချိနေပြီဖြစ်ကြောင်းကို ကျောင်းသားများသို့ အသိပေးကြေညာခြင်းများ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် လာမည့် ၂၀၀၇–၂၀၀၈ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို ရိုက်နှိပ်ဖြန့်ချိရာတွင် အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ဖတ်စာအုပ်များ ကျောင်းသားများလက်ဝယ်သို့ ကျောင်းဖွင့်ချိန်အမီ လွယ်လွယ်ကူကူနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောက်ရှိပြီး ဧပြီလကုန်ပိုင်းတွင် ဖြန့်ချိရေးဌာနများသို့ အရောက်ပေးပို့သွားမည်ဖြစ်ရာ လုပ်ငန်းလျာထားချက်အတိုင်း ချောမောအောင်မြင်စွာ ပြီးစီးစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အထောက်အကူပြု ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ၂၀၀၅ ခုနှစ် အောက်တိုဘာလ၌ ကျင်းပခဲ့သောအစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

အသေးစိတ် ရှင်းလင်းတင်ပြ

ယင်းနောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရေး ဆပ်

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးညဏ်ဝင်း အာဂျင်တီးနားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၀၆ ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ တာအီယားနားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော်၁၄ရက် (အဖိတ်နေ့)
၂၅–၅–၂၀၀၆ရက် (ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သချာ်အထူးပြု) [သချာ်]
၁၇:၀၅	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၂၅	၇။	**"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလှျန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၃၅	၈။	တေးဂီတအစီအစဉ်
၁၇:၄၅	၉။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	မူဟန်သွယ်သွယ်ဆိုကြမယ်
၁၉:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း–၁၁)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း–၈)

ဝိပဿနာစခန်း အကျင့်လမ်း ၁၀ရက် အထူးတရားစခန်းပွဲ

ရန်ကုန် မေ ၂၄

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် အာဇာနည်လမ်း အောင်မင်္ဂလာသီလရှင်စာသင်တိုက် ပဓာနနာယက ဆရာကြီး ဒေါ်ပညာသီရိ၏ မေတ္တာရိပ်၌ နယုန်လပြည့်နေ့ ဇွန် ၁၀ရက်မှ (နယုန်လပြည့်ကျော် ၉ရက်) ဇွန် ၁၉ ရက်အထိ ဝိပဿနာစခန်း အကျင့်လမ်း ၁၀ရက် အထူးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဥဇ္ဇောတ(သာသနတက္ကသိုလမဟာဓမ္မာစရိယ)နှင့် ဆရာမကြီး ဒေါ်ခင်အေး(စူဠအာဘိဓမ္မိကဝိသိဋ္ဌ ကလျာဏဉာဏဓဇ) တို့က ဟောပြောပြသမည်ဖြစ်သည်။ စခန်းဝင်လိုသူ ယောဂီများ အထက်ပါရိပ်သာ ဖုန်း–၀၄၆–၂၀၄၁၄ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပြီး နယုန်လဆန်း ၁၄ရက် (ဇွန် ၉ ရက်) ညနေ ၅နာရီအရောက် လာရောက်ရန် နှိုးဆော်ထားသည်။ **(က–ပ)**

ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် မေ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲတို့ပူးပေါင်း၍ ချို့တဲ့နွမ်းပါး မူလတန်းကျောင်းသား၊ကျောင်းသူ ၄၉ဦးတို့အား ကျောင်းအပ်နှံပေးခြင်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို မေ ၂၃ရက်က အခြေခံပညာအလယ်တန်းကျောင်းအမှတ်(၅) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမာက အမှာစကားပြောကြားပြီး ရပ်ကွက်မိခင်နှင့်ကလေးအသင်းခွဲဥက္ကဋ္ဌဒေါ်ခင်မိုးသူနှင့် တာဝန်ရှိသူများက ချို့တဲ့ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(က–ပ)**

မေ ၂၃ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်း၌ မူကြိုကလေးငယ်များအား ဂျုံနှင့်ပြုလုပ်သော အာဟာရများ တိုက်ကျွေးစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၅–၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သာမဏေကျော်စာတော်ပြန်ပွဲ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	မြေအိုးထမင်းနှင့် အခြားအရံ ဟင်းများ(၂) (အာလူးအမျှင်သုပ်နှင့် ငှက်ပျောဖူးသုပ်)
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	ဗွီစီဒီမိတ်ဆက်(ကမ္ဘာသစ်–၁)
၈:၁၀	မန္တလေးစာပေလောကနှင့် မန္တလေးစာရေးဆရာများ [ဦးထွန်းဦး၊ ကိုငြိမ်း(မန္တလေး)၊ ကိုခင်မောင်ဦး (ကိုရိုးကွန့်)၊ ဦးတင်မောင်ထွန်း(ညိုထွန်းလူ)]
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၀	မြန်မာစာ မြန်မာစကား (အပိုင်း–၆)
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ကြမ်းခင်းတုံး ထုတ်လုပ်မှုလုပ်ငန်း
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	Graphic Design (အပိုင်း–၂) (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	အားလုံးကျန်းမာကြစေဖို့ ကျောင်းတွင်း စားသောက်ဆိုင်များ သန့်ရှင်းစို့
၁၀:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	သစ်ခွ
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	We are the Future (ကလေးပန်းချီပြပွဲ)
၁၁:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅	မြန်မာ့ရိုးရာခြင်းလုံးအားကစား
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	**"အိုးထိန်းသည်"** [ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦးစောနိုင်(ရှမ်းပြည်)၊ အိဖြူစိုး]
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

၂၀၀၆–၂၀၀၇ ပညာသင်နှစ်
ကျောင်းအပ်နှံရေး သီတင်းပတ်
မေလ ၂၅ရက် မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

နိုင်ငံတကာ သတင်းများ

နိုင်ဂျီးရီးယား မီးရထားလမ်းများပြုပြင်ရန် ချေးငွေတစ်ဘီလီယံ တရုတ်ထုတ်ပေးမည်

ပေကျင်း မေ ၂၄

နိုင်ဂျီးရီးယားနိုင်ငံ၏ ပျက်စီးနေသော မီးရထားလမ်းများ ပြန်လည်ပြုပြင်ရန်အတွက် တရုတ်နိုင်ငံက ချေးငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံထုတ်ချေးမည်ဖြစ်ကြောင်း မေ ၂၂ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာမြို့တွင် နိုင်ဂျီးရီးယား ဘဏ္ဍာရေးဝန်ကြီး အိုင်ဝီအေလာက ယင်းသဘော တူညီမှုကို တနင်္လာနေ့က ကြေညာခဲ့သည်။

အရေးကြီး

အခြေခံအဆောက်အအုံများကို ဖြည့်ဆီးပေးခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးအကြီးဆုံး အရာဖြစ်ကြောင်း အစည်းအဝေးပြုလုပ်စဉ် ၎င်းကပြောကြားသည်။

ယင်းသဘောတူညီချက်အရ တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးမည်ဖြစ်သည်။ နိုင်ဂျီးရီးယားအစိုးရသည် ယင်းချေးငွေကို မီးရထားလမ်းဟောင်းများ ပြုပြင်ခြင်း၊ မီးရထားစက်ခေါင်းနှင့် တွဲသစ်များဝယ်ယူခြင်းနှင့် ပစ္စည်းကိရိယာများတွင် အသုံးပြုသွားမည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

စမတ်ကတ်အသုံးပြုယာဉ်စီးခပေးချေ

တရုတ်နိုင်ငံ ပေကျင်းမြို့ ခရီးသည်ပို့ဆောင်ရေးဘတ်စ်ကားတစ်စီးပေါ်တွင် စမတ်ကတ်အသုံးပြု၍ ယာဉ်စီးခ ပေးချေနေသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (စမတ်ကတ်သည် ငွေပေးချေရာတွင် ငွေသားအစားသုံးနိုင်ရန် ဘဏ်စာရင်းဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်နစ်နည်းဖြင့် ထည့်သွင်းထားသည့် ကတ်ပြားဖြစ်သည်။) **(ဓာတ်ပုံ-အင်တာနက်)**

တစ်လလျှင် ဖန်ပြွန်သန္ဓေသားတစ်ဦး ယူဂန္ဓာတွင် မွေးဖွားခဲ့

ကမ်ပါလာ မေ ၂၄

ကမ်ပါလာမြို့တွင် နှစ်နှစ်နီးပါးအတွင်း ဖန်ပြွန်သန္ဓေသား ၂၂ ဦးထက် မနည်း မွေးဖွားခဲ့ပြီးဖြစ်ရာ ယင်းမှာ တစ်လလျှင် ပျမ်းမျှလူတစ်ဦး မွေးဖွား ခြင်းပင်ဖြစ်ကြောင်း ကမ်ပါလာမျိုးဗီဇနှင့် သားဖွားပညာဆိုင်ရာ ဗဟိုဌာနက ပြောကြားသည်။

မိမိတို့သည် ၂၀၀၄ ခုနှစ် စက်တင်ဘာလကတည်းက ကလေး ၂၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး လက်ရှိတွင် ကိုယ်ဝန်သည် မိခင် ၂၄ ဦး ရှိကြောင်း ဗဟိုဌာနမှ တာမာလီ ဆာလီက ပြောကြားသည်။

အမိန့်ထုတ်ပြန်

အဆိုပါ ဗဟိုဌာနကိုယူဂန္ဓာ သမ္မတ ယိုဝီရီမူဆီဗီနီက လွန်ခဲ့သည့်နှစ် စက်တင်ဘာလက ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဌာနက အသုံးပြုသည့် ပစ္စည်းကိရိယာများအတွက် အခွန်ကောက်ခံခြင်းကို ရပ်ဆိုင်းရန်လည်း အခွန်ဘဏ္ဍာရေးဆိုင်ရာ အာဏာပိုင်များကို အမိန့်ထုတ်ပြန်ထားသည်။

ဖော်ပြ

ယင်းဗဟိုဌာနတွင် ဖန်ပြွန်သန္ဓေသားမွေးဖွားမည်ဆိုပါက ယူဂန္ဓာရှီလင်လေးသန်း(အမေရိကန်ဒေါ်လာ၂၂၀၀) ကုန်ကျမည်ဖြစ်ပြီး အောင်မြင်မှုနှုန်းမှာ ၄၀ ရာခိုင်နှုန်းဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ

နာဆာအဖွဲ့မှ အက်စ်တီအက်စ်-၁၁၄ အာကာသ လွန်းပျံယာဉ်အား ပထမဆုံးဦးစီး ကွပ်ကဲ မောင်းနှင်ခဲ့သူ အမျိုးသမီး အာကာသယာဉ်မှူး အီလင်းကောလင်းစ်ကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံမြောက်ပိုင်း၌ ရေကြီး လူ၁၀၀ ကျော် သေဆုံးခဲ့

ဗန်ကောက် မေ ၂၄

ထိုင်းနိုင်ငံမြောက်ပိုင်း ပြည်နယ်များစွာတွင် လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မေ၂၃ရက်အထိ လူ၁၀၀ ကျော် သေဆုံးသွားပြီဖြစ်ကြောင်း ဒေသခံမီဒီယာများ၏ ဖော်ပြချက်ကို ကိုးကား၍ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆိုးရွားစွာခံနေရ

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်လေးခုတွင် လွန်ခဲ့သည့်ရက်အနည်းငယ်က ရေကြီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ ယင်းဒဏ်ကို ဆိုးရွားစွာခံနေရ ကြောင်း ၎င်းတို့က ပြောကြားသည်။

ခရီးသည်များသောင်တင်

လူ၁၀၀ ကျော်သေဆုံးပြီး လူ၂၀၀ခန့်ဒဏ်ရာရရှိခဲ့သည့် ပြည်နယ်များ အနက် အူတာရာဒစ်ပြည်နယ်မှာ အဆိုးရွားဆုံးဖြစ်ကြောင်း ယင်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်လျက်ရှိပြီး ရထားလေးစင်းမှ ခရီးသည် ၁၀၀၀ခန့်မှာလည်း သောင်တင်လျက်ရှိကြောင်း သည်နေးရှင်းသတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ

ဆူနာမီသတိပေးဖော်ယာ မလေးရှား၌တပ်ဆင်မည်

ကွာလာလမ်ပူ မေ ၂၃

မလေးရှားနိုင်ငံသည် ဆူနာမီ သတိပေးစနစ် တပ်ဆင်ထားသော တတိယမြောက် ဖော်ယာကို ဆူလူ ပင်လယ်ပြင်တွင် နောက်လ၌တပ်ဆင် နိုင်မည်ဟု ခန့်မှန်းကြောင်း မိုးလေ ဝသဆိုင်ရာအရာရှိတစ်ဦးက မေ ၂၂ ရက်က ပြောကြားသည်။

ပြောကြား

၎င်းဖော်ယာတပ်ဆင်သည့် နေရာအတိအကျနှင့် တပ်ဆင်မည့်နေ့ရက် အတွက် မလေးရှားအစိုးရအဖွဲ့သည် ဖိလစ်ပိုင်အစိုးရအဖွဲ့နှင့် ယခုတိုင် အောင် ဆွေးနွေးဆဲဖြစ်ကြောင်း မလေး ရှားမိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး ချုပ် ယာကိုဆန်ကပြောကြားသည်။

ဖိလစ်ပိုင်အစိုးရ၏ တုံ့ပြန်မှုကို ယခုတိုင်မသိရှိရသေးကြောင်း ယာက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့ရှိ အရောင်းပြခန်း တစ်ခုတွင် ဘတ်စကက်ဘောလုံး ပုံစံ ပုံဖော်ထားသော တီဗွီတစ်လုံး ကို မေ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု ဘယ်လ်ဂျီယံ၌ မြင့်မားနေ

ဘရပ်ဆဲလ် မေ ၂၄

ဘယ်လ်ဂျီယံနိုင်ငံတွင် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူအရေအတွက်မှာ တိုးပွားနေလျက်ရှိကြောင်း မေ ၂၂ ရက်က ပေးပို့သည့် နောက်ဆုံးသုတေသနလေ့လာချက်ကို ကိုးကား၍ ဗွီအာတီသတင်းစာက ဖော်ပြသည်။

အေအိုင်ဒီအက်စ်ရောဂါ ဖြစ်ပွားနိုင်သည့် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးသည် နေ့စဉ်စံချိန်တင်ဖြစ်ပွားလျက်ရှိကြောင်း နောက်ဆုံးသုတေသနတွင် ဖော်ပြပါရှိသည်။

တိုးတက်

လွန်ခဲ့သည့်နှစ်က အိတ်ချ်အိုင်ဗွီ ကူးစက်ခံရမှု ၁၀၆၆ ဖြစ်ပွားခဲ့ရာ ၂၀၀၄ ခုနှစ်ကထက် ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းပင်ဖြစ်ပြီး ၁၀ နှစ် အတွင်း ပထမဆုံးအကြိမ် အရေ အတွက်အများဆုံး တိုးတက်ခဲ့ခြင်းပင် ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

လေ့လာ

ဘယ်လ်ဂျီယံနိုင်ငံတွင် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသူ ၈၅ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်ကြကြောင်း သုတေသနလေ့လာချက်အရ သိရှိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

နီပေါဝန်ကြီးအဖွဲ့ ပြောင်းလဲ

ခတ္တမန္ဒူ မေ ၂၄

နီပေါဝန်ကြီးချုပ် ဂါဂျာပရာဆက်ကွိုင်ရာလာ ရွေးချယ်လိုက်သော ဝန်ကြီးအသစ်များဖြင့် နီပေါဘုရင်ဂျာနင်ဒရာက ဝန်ကြီးအဖွဲ့ကို မေ ၂၂ ရက်၌ ပြောင်းလဲဖွဲ့စည်းလိုက်သည်။

ဝန်ကြီးချုပ် ဂါဂျာပရာဆက်ကွိုင်ရာလာက ကာကွယ်ရေး၊ နန်းတော်၊ ကျန်းမာရေးနှင့်လူဦးရေ၊ စက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေး ဝန်ကြီးဌာနများကို တာဝန်ယူထားသည်။

ဒုတိယဝန်ကြီးချုပ် ကေပီရှာမာအိုလီက နိုင်ငံခြားရေးဝန်ကြီး တာဝန်ကိုယူထားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အင်္ဂလန်၏ မှုခင်းအများဆုံးဖြစ်ပွားသောမြို့

လန်ဒန် မေ ၂၄

အင်္ဂလန်မှ နော့တင်ဟမ်မြို့သည် မှုခင်းဖြစ်ပွားမှုနှုန်းအများဆုံးနှင့် အန္တရာယ်အများဆုံးမြို့တစ်မြို့ဖြစ်ကြောင်း မေ ၂၃ရက်က ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

နော့တင်ဟမ်မြို့တွင် ၂၀၀၅ ခုနှစ်က လူ ၁၀၀၀ လျှင် ပြစ်မှု ၁၁၅ မှုဖြစ်ပွားကြောင်း၊ ဝိုလ်ဗာဟမ်ပတွန်တွင် လူ ၁၀၀၀ လျှင် ပြစ်မှု ၄၉ ခုနှင့် နှိုင်းစာလျှင် ပြစ်မှုမှာ အလွန်ပင် မြင့်မားသည်ကို တွေ့ရှိရကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။

လေ့လာချက်သည် လူသတ်မှု၊ ဓားပြတိုက်မှု၊ မုဒိမ်းမှု၊ ဖောက်ထွင်း ခိုးယူမှု၊ ယာဉ်ဆိုင်ရာပြစ်မှု၊ သေနတ်နှင့်ပစ်သတ်သည့်အမှုဟူသည့် ပြစ်မှုဆိုင်ရာ အမျိုးအစား ခုနစ်ခုအပေါ် အခြေခံ၍ လေ့လာထားခြင်းဖြစ်ပြီး လူ ၁၀၀၀၀၀ ရှိသည့် မြို့ပြဒေသများကို အဓိကထားလေ့လာထားကြောင်း ၎င်းတို့က ဖော်ပြသည်။

မကြာသေးမီ နှစ်များအတွင်းက နော့တင်ဟမ်မြို့သည် လက်နက်ကိုင်တိုက်ခိုက်မှုများ ရုတ်တရက်ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ ရိုက်တာ**

အာဆီယံ တက္ကသိုလ်များဆိုင်ရာဖိုရမ် စင်ကာပူနိုင်ငံတွင်ကျင်းပ

စင်ကာပူ မေ ၂၄

(၈)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များဆိုင်ရာ ဖိုရမ်ကို စင်ကာပူ၌ မေ ၂၂ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဖိုရမ်သို့ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက္ကသိုလ် ၁၅ခုမှ လူငယ်ခေါင်းဆောင် ၄၀ကျော်တို့က ၁၀ရက်ကြာ အဆိုပါ ဖိုရမ်တွင် ပါဝင်ဆင်နွှဲကြကြောင်း ချန်နယ်နယူးစ်အာရှက ဖော်ပြသည်။

ယင်းတို့သည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် ၂၀၀အပါအဝင် အာဆီယံမှ တက္ကသိုလ်သုံးခု အကြောင်းကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းချန်နယ်နယူးစ်က ဖော်ပြသည်။

အထောက်အကူပြု

၎င်းဖိုရမ်က တက္ကသိုလ်အသီးသီးတွင် ထိပ်တန်းကျောင်းသားများဖြစ်လာရေး၊ အနာဂတ်နိုင်ငံ့ခေါင်းဆောင်များဖြစ်လာရေး မျှော်လင့်ရသည့် အခွင့်အလမ်းများကို ပါဝင်တက်ရောက်သူများအား အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အသေးစားပုံးများ ဘိုးရင်းကုမ္ပဏီထုတ်လုပ်မည်

ဝါရှင်တန် မေ ၂၄

ဘိုးရင်းကုမ္ပဏီက အီရတ်စစ်ပွဲတွင် အသုံးပြုသည့် အသေးစားဗုံးများ ထုတ်လုပ်သွား မည်ဖြစ်ကြောင်း မီဒီယာများက မေ ၂၂ ရက်၌ ပြောကြားသည်။

အသုံးပြု

ယင်းဗုံးများသည် ကီလိုဂရမ် ၁၁၂ဒသမ၅ လေးမည်ဖြစ်ပြီး လေတပ်ဗုံးကြဲတိုက်ခိုက်ရေးသမား အားလုံးက အသုံးပြုနိုင်မည်ဖြစ်ကြောင်း အေပီသတင်းဌာနက သတင်းဖော်ပြသည်။

ထုတ်လုပ်

အဆိုပါ ကုမ္ပဏီက ၂၀၁၅ ခုနှစ်အထိ စာချုပ်ဖြင့်ဝယ်ယူမည့် လေတပ်တစ်ခုအတွက် ဗုံးအလုံး ၂၄၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သယ်ဆောင်

ဗုံးငယ်များကို လေယာဉ်ဖြင့် သယ်ဆောင်၍ သွားနိုင်မည်ဖြစ်ပြီး ထိရောက်မှုရှိမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂရိနှင့်တူရကီလေယာဉ် ဝေဟင်တွင်တိုက်မိ

အေသင် မေ ၂၄

ဂရိနှင့်တူရကီ စစ်လေယာဉ်နှစ်စင်းသည် မေ ၂၂ရက်က အေဂျီယန်ပင်လယ်အရှေ့တောင်ပိုင်း ကာပတ်သို့စ်ကျွန်း ဝေဟင်၌ တစ်စင်းနှင့်တစ်စင်း မောင်းရိပ်ကျနေမှုကြောင့် တိုက်မှုဖြစ်ပွားခဲ့ကြောင်း ဂရိကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းလေယာဉ် နှစ်စင်းသည် ကာပတ်သို့စ်ကျွန်း ဝေဟင်၌ စစ်ရေးလေ့ကျင့်စဉ်အတွင်း တိုက်မိကြခြင်းဖြစ်ကြောင်း၊ မည်သို့ဖြစ်၍ တိုက်မိကြသည်ကို ယခုအထိ မသိရသေးကြောင်း၊ အဆိုပါ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

ယင်းတိုက်မိသည့် လေယာဉ်များတွင် ဂရိလေယာဉ်မှာ အက်ဖ်-၁၆ တိုက်လေယာဉ်ဖြစ်ပြီး တူရကီ လေယာဉ်မှာ အမျိုးအစားမသိရသေးဟု ဆိုသည်။

တူရကီ ကာကွယ်ရေးဝန်ကြီးဌာနကလည်း ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ချက်ချင်းမသိရသေးဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစီလေးရာစုခန့်က ရွှေထည်အသုံးအဆောင်ပစ္စည်းများ

လွန်ခဲ့သော ဘီစီလေးရာစုခန့်က ရွှေဖြင့်ပြုလုပ်ထားသည့် လူ့အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါပစ္စည်းများကို ဘူလ်ဂေးရီးယားနိုင်ငံ ဗာနာမြို့ရှိ ရှေးဟောင်းပြတိုက်၌ ပြသထားခြင်းဖြစ်ပြီး ရွှေဖြင့်ပြုလုပ်ထားသော ရေတကောင်းများဖြစ်သည်။ သုတေသနပညာရှင်များ၏ အဆိုအရ လွန်ခဲ့သော ဘီစီလေးရာစုခန့်က ပြုလုပ်ခဲ့သောပစ္စည်းများဖြစ်သည်ဟု ပြောကြားသည်။

(အင်တာနက်)

လူအများဆုံးဖြင့် သရုပ်ဖော်သည့်အလံ

အမျိုးသမီးများ စုပေါင်း၍ ပေါ်တူဂီနိုင်ငံအလံ၏ပုံကို သရုပ်ဖော်နေစဉ်။ (ယာပုံ)

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ မြို့ပြင်ရှိ အမျိုးသားအားကစားကွင်းကြီး၌ အမျိုးသမီး ၁၈၀၀၀ခန့်က စုပေါင်း၍ ပေါ်တူဂီနိုင်ငံ အလံတစ်ခု၏ပုံသဏ္ဌာန်ကို စုပေါင်းဖော်ဆောင်ခဲ့ကြရာ ၎င်းအလံမှာ ကမ္ဘာပေါ်တွင် လူအရေအတွက် အများဆုံးဖြင့် ပြုလုပ်ထားသော အလံတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ချန်ချူးမုန်တိုင်းကြောင့် ဗီယက်နမ် ငါးဖမ်းလုပ်သား ၂၈၇ ဦးပျောက်ဆုံး

ဟန္နွိုင်း မေ ၂၄

မကြာမီအချိန်က တိုက်ခတ်သွားသော ချန်ချူးမုန်တိုင်းကြောင့် ဗီယက်နမ်ငါးဖမ်းလုပ်သားများ စုစုပေါင်း ၂၈၇ဦး ပျောက်ဆုံးလျက်ရှိနေကြောင်း ဗီယက်နမ်ပြည်တွင်း သတင်းစာဆိုင်ရာလီဘာရေးဒင်းက မေ ၂၂ရက်၌ ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဒါနန်၊ ကျုနမ်၊ ကျန်ဂီနှင့်ဘင်ဒင်ပြည်နယ်တို့တွင် ငါးဖမ်းစက်လှေ ၁၈စင်း ပျောက်ဆုံးနေဆဲဖြစ်ပြီး မုန်တိုင်းကြောင့် နစ်မြုပ်ခြင်းသို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ဖွယ်ရှိကြောင်း ဗီယက်နမ်နိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ငုယင်ဗက်သန်က ပြောကြားသည်ဟု အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

ကယ်ဆယ်

ချန်ချူး မုန်တိုင်းဒဏ်ကြောင့် တရုတ်ရေပိုင်နက်အတွင်း ရောက်ရှိခဲ့သော ဗီယက်နမ်ငါးဖမ်းစက်လှေ ၂၁ စင်းကို တရုတ်ကမ်းရိုးတန်း အစောင့်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ပေးခဲ့သည်ဟု ဟန္နွိုင်းမြို့ရှိ တရုတ်သံရုံးက ပြောကြားသည်။

ထောက်ပံ့

ထိုသို့ ကယ်ဆယ်ခဲ့သော ငါးဖမ်းစက်လှေများပေါ်ရှိ ငါးဖမ်းလုပ်သား ၃၃၀တို့အား သောက်ရေနှင့် အစားအစာများကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းတို့အထဲမှ ငါးဖမ်းသမား ၂၁ ဦးသေဆုံးခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာရရှိလျက်ရှိကြောင်း တရုတ်သံရုံးက ပြောကြားသည်။

သေဆုံး

မေ ၉ ရက်က ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာရိုကျွန်းအရှေ့ဘက်ကီလိုမီတာ ၅၅၀ ခန့်အကွာ ပစိဖိတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်သော ချန်ချူးမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း၊ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းများကို တိုက်ခတ်ခဲ့ပြီး ရုတ်တရက်လမ်းကြောင်းပြောင်းကာ တရုတ်နိုင်ငံ တောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် အဆိုပါသုံးနိုင်ငံမှ ပြည်သူ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့ မုန်တိုင်းဒဏ် ခံစားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်အများစု ကျန်းမာရေးစောင့်ရှောက်မှုမခံယူနိုင်

နယူးယောက် မေ ၂၄

အမေရိကန် နိုင်ငံသားအများစုသည် နှစ်ကာလကြာရှည်စွာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်မှုများကို မခံယူနိုင်ခဲ့ကြကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြထားသည်။

ကာကွယ်

အမေရိကန်နိုင်ငံသားအများစုသည် နေ့စဉ် အက်စပရင်ကဲ့သို့သော ဆေးဝါးများသုံးစွဲမှု၊ အူမကြီးကင်ဆာနှင့် ဆေးလိပ်သောက်ခြင်းကြောင့် ရရှိလာသော ရောဂါများ ကာကွယ်ရန်အတွက် ဒေါ်လာငွေကြေးများသုံးစွဲမှု မပြု လုပ်နိုင်ကြဘဲ နေထိုင်လာခဲ့ကြရသည်ဟု ဆိုသည်။

ဖော်ပြ

သို့သော်လည်း အမေရိကန်နိုင်ငံသား အချို့မှာမူ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကြေးကုန်ကျခံ၍ ပြုလုပ်နိုင်ကြကြောင်း သိရသည်ဟု ဆန်းစစ်ချက်၌ ဖော်ပြထားသည်။

ယခုကဲ့သို့ ဆန်းစစ်ချက် ထွက်ပေါ်လာခြင်းမှာ အမေရိကန်ရှိ ကျန်းမာရေးကာကွယ်ခြင်းဆိုင်ရာ ဂျာနယ်ကပြုလုပ်သော လေ့လာချက်တစ်ရပ်အရ ပြည်သူ ၈၀၀၀ကျော်ကို လေ့လာသုတေသနပြုခဲ့ရာမှာ ရရှိခဲ့သည့် ရလဒ်ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

ဂျပန်နိုင်ငံ တိုယိုတာကားကုမ္ပဏီမှ ဒီဇိုင်းပုံစံအသစ် တစ်ယောက်စီး မော်တော်ယာဉ်တစ်စီးအား မိတ်ဆက်ပြသနေသည်ကို မေ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ ခုနှစ် ကမ္ဘာ့ လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအတွက် ခေါင်းစဉ်မှာ အင်္ဂလိပ်ဘာသာဖြင့် "Young People" မြန်မာဘာသာဖြင့် **"ကမ္ဘာ့လူ့ဘောင်သာယာရေး၊ ငယ်ရွယ်သူများပျိုးထောင်ပေး"**ဖြစ်သည်။

ပိုစတာပြိုင်ပွဲ

ပိုစတာပြိုင်ပွဲကို အသက်အလိုက် အဆင့်ငါးဆင့်ခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ အဆင့်(၁)တွင် အသက်ခြောက်နှစ်မှ ရှစ်နှစ်၊ အဆင့်(၂)တွင် အသက်ကိုးနှစ်မှ ၁၂ နှစ်၊ အဆင့်(၃)တွင် အသက် ၁၃ နှစ်မှ ၁၅ နှစ်၊ အဆင့်(၄)တွင် အသက်၁၆ နှစ်မှ ၁၈နှစ်၊ အဆင့်(၅)တွင် အသက် ၁၉ နှစ်နှင့်အထက်ရှိသူများဖြင့် သတ်မှတ်ထားသည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ပြိုင်ပွဲကို ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများက ကြီးမှူး၍ ပြည်နယ်၊ တိုင်း မြို့တော်များရှိ သတ်မှတ်ထားသောနေရာများ၌ ဇွန် ၁၀ ရက် (စနေနေ့)တွင် လေးနာရီကြာကျင်းပမည်ဖြစ်ရာ ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပေးမည့် ၁၅ လက်မ x လက်မ ၂၀ ပုံဆွဲစက္ကူဖြင့်သာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆင့်(၁)မှ အဆင့်(၄)အထိ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ဇွန် ၈ ရက်နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။ အဆင့်(၅)ကို အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ၁၈လက်မ x ၂၄ လက်မအရွယ်မိမိကြိုက်နှစ်သက်ရာ ပုံဆွဲစက္ကူကို အသုံးပြုရေးဆွဲပြီး သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ ဇွန် ၁၄ ရက်အရောက် သို့မဟုတ် ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ် ရန်ကုန်မြို့သို့ ဇွန် ၂၇ ရက် အရောက်ပေးပို့ရမည်။ ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်လိုသူများသည် ပြည်သူ့အင်အားဦးစီးဌာနရုံးချုပ်သို့ ဇွန် ၂၇ ရက်အရောက် တိုက်ရိုက်ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် အဆင့်(၁)မှ အဆင့်(၄)အထိ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်းငါးထောင်၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ်နှစ်သောင်းစီ သတ်မှတ်ထားပြီး အဆင့်(၅) အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲအတွက် ပထမဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် အထူးဆု ငါးဆုအဖြစ် ငွေကျပ်သုံးသောင်းစီ သတ်မှတ်ထားသည်။

စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးကို မြန်မာဘာသာဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲကို တက္ကသိုလ်/ကောလိပ်အဆင့်၊ အခြေခံပညာအထက်တန်းအဆင့် ၈၊၉၊၁၀ တန်းနှင့် အလယ်တန်းအဆင့် ၅၊ ၆၊ ၇ တန်းအဆင့် သုံးဆင့်ခွဲ၍ ပြည်နယ်၊ တိုင်း၊ မြို့ကြီးများတွင် ဇွန် ၁၁ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ နံနက် ၁၁ နာရီအတွင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဆုများအဖြစ် တက္ကသိုလ်/ကောလိပ်အတွက် ပထမဆု ငွေကျပ်ငါးသောင်း၊ ဒုတိယဆု ငွေကျပ်လေးသောင်း၊ တတိယဆု ငွေကျပ်သုံးသောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ်နှစ်သောင်းစီသတ်မှတ်ထားသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ပထမဆု ငွေကျပ်လေးသောင်း၊ ဒုတိယဆု ငွေကျပ်သုံးသောင်း၊ တတိယဆု ငွေကျပ်နှစ်သောင်းနှင့် အထူးဆု ငါးဆုအား ငွေကျပ်တစ်သောင်းငါးထောင်စီ သတ်မှတ်ထားသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြိုင်ပွဲဝင်လိုသူများသည် ၁၀ လက်မ x ၁၄လက်မ အရွယ်အစား Print ပုံဖြင့် အရေအတွက်အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆု ငွေကျပ်နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အထူးဆုအဖြစ် ငွေကျပ်ငါးသောင်းစီ သတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးမောင်မောင်မြင့် လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန အမှတ် ၄၁၆ မဟာဗန္ဓုလလမ်း ရန်ကုန်မြို့သို့ ဇွန် ၁၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူများမှ တိုက်ရိုက်ပေးပို့ရမည်။ ရောင်စုံဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့်အကြောင်းအရာ (Caption)အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူများ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲများတွင် ဗဟိုအဆင့် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို ဇူလိုင် ၁၁ ရက်တွင် ရန်ကုန်မြို့၌ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှတစ်ဆင့် ဆုရရှိသူများထံ ပေးပို့မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပြည်နယ်၊ တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများတွင် ကြည့်ရှုနိုင်ပြီး ရန်ကုန်တိုင်းမှ ယှဉ်ပြိုင်မည့်သူများအနေဖြင့် ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရန်ကုန်မြို့တွင် ကြည့်ရှုနိုင်သည်။

မရှင်းလင်းသည့်အချက်များရှိပါက ပိုစတာပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၂၀၇၊ အတွင်းရေးမှူး ဦးမြင့်သိန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၅၉၃၃ နှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့် ဒုတိယညွှန်ကြားရေးမှူး(စီမံနှင့် ဘဏ္ဍာဌာနခွဲ) ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၅၉၁၆၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်မြင့် လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ဖုန်း-၃၈၅၉၁၀ နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်း(ရန်ကုန်မြို့) ဖုန်း-၃၇၃၁၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် (၅)ရပ်ကွက် မြတ်လေးရုံလမ်းရှိ အုန်းတောကျောင်းတိုက် ပြန်လည်ဆောက်လုပ်ရေးနှင့် ပစ္စည်းလေးပါး လှူဒါန်းခြင်းကို ကျောင်းတိုက်ဆရာတော် ဦးပညာသီလ ခေတ္တသီတင်းသုံးသည့် ရွှေပြည်တော်ကျောင်းတိုက်၌ မေ ၂၃ ရက်က ကျင်းပရာ မြို့နယ် သံဃနာယကအဖွဲ့ဝင်ဆရာတော်များက အလှူငွေကျပ် ၄၇၉၆၀၀ နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ အလှူငွေကျပ် ၂၀၀၀၀၀၊ ဆွမ်းဆန်တော်၊ ဆီနှင့် သက်န်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ကိုယ်စားလှယ် အစည်းအဝေးတက်ရောက်ရန် လာအိုသို့ထွက်ခွာ

ရန်ကုန် မေ ၂၄

လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ ဗီယင်ကျန်းမြို့၌ မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည့် 10th Meeting of Energy Efficiency and Conservation Sub-Sector Network (EE & CSSN) အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဗဟိုကော်မတီဝင် ဦးအုန်းမြင့်တို့သည် ယမန်နေ့တွင် ရန်ကုန်မြို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်သည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၌ ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် 4th Meeting of Board of Judges for ASEAN Renewable Energy Project Competition အစည်းအဝေးသို့ ဆက်လက် တက်ရောက်မည်ဖြစ်သည်။

ဦးဝင်းခိုင်နှင့် ဦးအုန်းမြင့်တို့အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကိုကိုတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထပ်မံသတင်းရရှိ

ရန်ကုန် မေ ၂၄

မေ ၂၃ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့သော Khind Electrical & Electronic ဂုဏ်ပြုလက်ဆောင် ပေးအပ်ပွဲသတင်းနှင့်စပ်လျဉ်း၍ Khind ထုတ်ကုန်ပစ္စည်းများကို ဖုန်း-၃၈၀၄၇၅ နှင့် ၂၄၂၃၀၇ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း ထပ်မံသတင်းရရှိသည်။

(သတင်းစဉ်)

၁၈၃၅ ခုနှစ်က မျိုးသုဉ်းခဲ့သောဝက်ဝံ ဂျာမနီ၌ ပထမဆုံးအကြိမ်တွေ့ရှိရ

ဂျာမနီနိုင်ငံ၌ တောရိုင်းဝက်ဝံမျိုး မျိုးသုဉ်းခဲ့သည်မှာ ၁၈၃၅ ခုနှစ်က ဖြစ်သည်။ သို့ရာတွင် ဂျာမနီနိုင်ငံ၌ ပထမဆုံးအကြိမ် တောရိုင်းဝက်ဝံတစ်ကောင်၏ ဟိန်းဟောက်အော်မြည်သံကို ကြားတွေ့နေရကြောင်း ဘာဗေးရီးယန်းအယ်လ်ပက်စ်ဒေသမှ ရဲအဖွဲ့က ပြောကြားသည်။

ဂျားမစ်-ပါတန်ကီချန်ဒေသ၌လည်း ကော်ကေဆတ်သိုး ခုနစ်ကောင်ကိုလည်း တနင်္ဂနွေနေ့၌ တွေ့ရကြောင်း၊ အဆိုပါဝက်ဝံသည် ဩစတြီးယားနယ်စပ်မှ ဂျာမနီနိုင်ငံထဲသို့ ဝင်လာခြင်းဖြစ်ကြောင်း ဒေသရဲအဖွဲ့က အတည်ပြုပြောကြားသည်။ ယင်းတောရိုင်းဝက်ဝံသည် ပျားအုံတစ်အုံကို ဝင်ရောက်ဖျက်ဆီးစားသောက်ပြီးနောက် ဩစတြီးယားနယ်စပ်၌ ကြာသပတေးနေ့က နောက်ဆုံးတွေ့ခဲ့ရသည်ဟု ဆိုသည်။

ဘာဗေးရီးယန်းဒေသမှ အဆိုပါ တောရိုင်းဝက်ဝံ ဝင်ရောက်လာခြင်းကို ကြိုဆိုကြောင်း၊ ပြည်သူများအနေဖြင့် ၎င်းဝက်ဝံအား ခြောက်လှန့်ခြင်းမပြုရန် တားမြစ်ထားကြောင်း ဒေသပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

စားစရာမြင်လျှင် စားချင်စိတ်ဖြစ်ပေါ်လာမှုအကြောင်းရင်းခံ သိပ္ပံပညာရှင်များ စူးစမ်းလေ့လာတွေ့ရှိဖော်ထုတ်

အချို့သောသူများသည် အစားအစာမြင်လျှင် သွားရည်တများများဖြင့် မည်သည့်အတွက် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ရသည်ကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ပြီဖြစ်သည်။

အစားအစာကြော်ငြာများနှင့် ကုန်ထုပ်ပိုးမှု အပြင်အဆင်တို့ကို အထူးပင် အာရုံခံသည့် အချို့သူများ၏ဦးနှောက်တွင်းရှိ သိမှုဆိုင်ရာ တုံ့ပြန်ဌာနများကို ပြသရန် သိပ္ပံပညာရှင်များက ဖြန့်ကြက် စူးစမ်းရေးကိရိယာ စကင်နာများကို အသုံးပြုသည်။

အစားအစာ ပုံရိပ်များကြောင့် ထိုနေရာဌာနများတွင် ပိုမိုအားတိုးလာခြင်းကြောင့် အဝအပြဲစားအောင် တွန်းပို့ပေးပြီး အဝလွန်သွားခြင်းဖြစ်သည့် လက္ခဏာရှိသည်။

လေ့လာတွေ့ရှိ

ဆေးဝါးသုတေသန ကောင်စီ ဦးနှောက်သိပ္ပံဌာနမှ သုတေသီ သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိပြီး အာရုံကြောသိပ္ပံဂျာနယ်က လေ့လာတွေ့ရှိချက်ကို ယခုကဲ့သို့ ဖော်ပြလိုက်ခြင်းဖြစ်သည်။

ချောကလက်ကိတ်ကဲ့သို့သော စားချင်စဖွယ် အစာများကို ချဉ်ခြင်းအလွန်တက်နေသောသူများ၏ ပုံများ၊ ပန်းဂေါ်ဖီစိမ်းကဲ့သို့သော အရသာဖွယ်သော အစားအစာကို မြင်သောသူများ၏ ပုံရိပ်များနှင့် အသားပုပ်ကဲ့သို့သော အော်ဂလီဆန်စရာ အစာများကို အာရုံခံသူများ၏ ပုံရိပ်များကို သုတေသီများက ဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် ခေတ်မီ အက်ဖ်အမ်အာရ်အိုင် စကင်နာတစ်ခုကို အသုံးပြုလျက် ဦးနှောက်လှုပ်ရှားမှုကို တိုင်းထားသည်။သို့ဖြစ်၍ ဖြစ်ရပ်အကြောင်းရင်းကို သိရှိလာရသည်။

ယခင်က ကျန်းမာသူအားလုံးတွင် ဦးနှောက်အသက်သွင်း ခလုတ်ဖွင့်မှုပုံစံမှာ အတူတူပင်ဖြစ်သည်ဟု ယူဆခဲ့သည်။

အာရုံခံသိရှိ

သို့သော် ယခု သုတေသနပြု တွေ့ရှိချက်အရ ကျန်းမာသူချင်း တူသော်ငြားလည်း အချို့သူများ၏ ဦးနှောက်သိမှုဆိုင်ရာ တုံ့ပြန်မှုများမှာ စားချင်စဖွယ် အစားအစာ အချက်အပြုတ်တွင် ပိုမိုအာရုံခံသိရှိနိုင်ကြောင်း တွေ့ရသည်။

မစောင့်စည်းနိုင်

ထို့ကြောင့် ဗိုက်ကားအောင် စားသောက်မှုကဲ့သို့သော ပရမ်းပတာဖြစ်မှုမျိုးကို အချို့သောသူများ ပိုပြီးမခုခံ၊ မစောင့်စည်းနိုင်ဖြစ်ရသည်ကို သိနိုင်ပေသည်။

အဝလွန်သူတိုးပွားလာ

ရုပ်မြင်သံကြား ကြော်ငြာများ၊ အရောင်းစက်များနှင့် ကုန်ထုပ်ပိုးမှု အပြင်အဆင်များကြောင့် အစားအစာ ပိုစားအောင် စားချင်စဖွယ်ပုံရိပ်များက လူတွေကို တရစပ်ထိုးနှက်လာသောအခါ အဝလွန်သူများ တိုးပွားလာခြင်းအပေါ် ဤသုတေသန တွေ့ရှိချက်က နားလည် သဘောပေါက်လာစေနိုင်သည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ၊ ဘက်စုံထူးချွန်ဆုများချီးမြှင့်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ်၏ မြတ်ပညာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန် တိုင်း အတွင်းရှိ ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများ၏ ဆောင်ရွက်ချက်များ နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား သည်။

ထူးချွန်ဆုချီးမြှင့်

ယင်းနောက် ထူးချွန်ဆုများကို ချီးမြှင့်ရာ ခရိုင်အဆင့် လုပ်ရှားမှု ဘက်စုံထူးချွန်ဆုရရှိသော ရန်ကုန် အရှေ့ပိုင်းခရိုင်နှင့် ဂုဏ်ပြုဆုရရှိကြ သည့် ခရိုင်များ၊ ဘက်စုံလှုပ်ရှားမှု ထူးချွန်ဆုရမြို့နယ်များ၊ ပညာရေးထူး ချွန်ဆု၊ ကျန်းမာရေးထူးချွန်ဆု၊ စီးပွား ရေး၊ လူမှုရေးနှင့် သားဖွားခန်းထူးချွန် ဆုများနှင့် အဆောက်အအုံသစ် ဖွင့်လှစ်နိုင်မှုဆုများကို ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ နှင့် အတွင်းရေးမှူး ဒေါက်တာလှမြင့် တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ အတွင်းရေးမှူးများက ၂၀၀၅ ခုနှစ် အတွင်း လုပ်ငန်းဆောင်ရွက် ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူးဒေါက်တာလှမြင့် က ၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက် ရမည့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေနှင့် အဖွဲ့ဝင် များသည် ခန်းမအပြင်၌ ပြသထား သော ခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထူးချွန်ဆုပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ထူးချွန်ဆုရသော ခရိုင်နှင့်မြို့နယ်များအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများသည် Asia World ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော လေဆိပ်အဆောက်အအုံ တိုးချဲ့တည် ဆောက်ခြင်းလုပ်ငန်းသို့ ရောက်ရှိ သည်။ စီမံကိန်းရှင်းလင်းဆောင်၌ ဒါရိုက်တာအဖွဲ့ဝင်ဦးကြေးက လုပ်ငန်း ကြီးပြီးစီးမှုအခြေအနေ၊ လျှပ်စစ်ဓာတ် အားလိုင်းများ သွယ်တန်းပြီးစီးမှု၊ ရွှေ့လျားလှေကားများ တပ်ဆင်နေမှု နှင့် စီမံကိန်းအတွက် လိုအပ်သည့် ပြည်ပမှ မှာယူရောက်ရှိပြီးသော ပစ္စည်း များ စုဆောင်းထားရှိမှု၊ ဆက်လက် လုပ်ဆောင်နေသော အစီအမံများကို ဆလိုက်ရိုးဖြင့် ရှင်းလင်းပြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ဝန်ကြီး က စီမံကိန်းလုပ်ငန်းကြီး သတ်မှတ် ကာလအတွင်း ပြီးစီးရေးနှင့် နိုင်ငံ တကာအဆင့်မီ လေဆိပ်ကြီးဖြစ် အောင် ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များညှိနှိုင်း ဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်း ခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေး ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမ်းဗြဲမြို့ရှိ ကိုယ်ရံတောင်စေတီအား ရွှေထီးတော်အသစ်တင်လှူ တိုင်းရင်းဆေးရုံသစ် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း

ရန်ကုန် မေ ၂၄

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ရှိ ကိုယ်ရံတောင်စေတီတော်မြတ်ကြီးအား ရွှေထီးတော်အသစ်တင်လှူပွဲနှင့် ကျန်းမာရေး ဝန်ကြီးဌာနသို့ တိုင်းရင်းဆေးရုံသစ်လွှဲပြောင်းပေးအပ်ပွဲ၊ တိုင်းရင်းဆေးရုံဖွင့်ပွဲအခမ်းအနားတို့ကို မေ ၁၁ ရက် (ကဆုန်လပြည့်နေ့) တွင် ရမ်းဗြဲမြို့၌ ကျင်းပရာ ပြည်တွင်း ပြည်ပသာသနာပြုအလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရိယဝံသနှင့် ရမ္မာဝတီဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုဏ္ဍပါလ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များနှင့် ပင့်သံဃာတော် ၁၀၈ပါးတို့ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ရွှေထီးတော်အသစ် တင်လှူခြင်းအခမ်းအနားကို မင်္ဂလာ အချိန် နံနက် ၇နာရီ ၄၅မိနစ်တွင် ကျင်းပရာ ကျောက်ဖြူခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်၊ ရမ်းဗြဲမြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုး တင့်၊ အလှူရှင် ရန်ကုန်မြို့ သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ဘောတိုက်ပိုင်ရှင် သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ မိသားစုတို့က ရွှေထီးတော်အသစ်ကို ပန်းရထားဖြင့် စေတီတော်မြတ်ကြီး သို့ တင်လှူပူဇော်ကြသည်။

မှတ်တမ်းလွှာ

ယင်းနောက် ကျန်းမာရေးဝန်ကြီး ဌာနသို့ တိုင်းရင်းဆေးရုံသစ်လွှဲပြောင်း ပေးအပ်ပွဲနှင့် တိုင်းရင်းဆေးရုံ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ အလှူရှင် ဦးသန်းနိုင်က တိုင်းရင်းဆေးရုံသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်း ကို ရှင်းလင်းပြောကြားပြီး ရခိုင် ပြည်နယ် တိုင်းရင်းဆေး ဦးစီးဌာန မှူးက ကျေးဇူးတင်စကား ပြောကြား၍ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းရင်းဆေးရုံသစ် ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်မြို့မှ တိုင်းရင်းဆေးလုပ်ငန်းရှင်များဖြစ်ကြ သော မှန်ချို၊ ထက်လင်း၊ ထွန်းရွှေ ဝါနှင့် ကေသီပန်တို့က တိုင်းရင်း ဆေးမျိုးစုံတို့ကို အခမဲ့ လှူဒါန်းကြ သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ကိုယ်ရံတောင်စေတီ တော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူခြင်း၊ ဘက်စုံ မွမ်းမံပြုပြင် လှူဒါန်းခြင်းနှင့် တိုင်းရင်းဆေးရုံသစ် လှူဒါန်းခြင်းတို့အတွက် ရေစက်ချ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရမ္မာဝတီ ဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ကုဏ္ဍပါလ ထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး **(အပေါ်ပုံ)**ပင့်သံဃာတော် ၁၀၈ပါးတို့ အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။ ကိုယ်ရံတောင်စေတီ တော်မြတ်ကြီးအား ရွှေထီးတော်အသစ် တင်လှူပွဲအောင်မြင်ခြင်းအထိမ်းအမှတ် အဖြစ် ရမ္မာဝတီ ရခိုင်ရိုးရာ လှေပြိုင်ပွဲ၊ ကျင်ပွဲနှင့် ဓာတ်ပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရွာရန် ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အာမခံလုပ်ငန်း၏ ပြည်နယ်/တိုင်း/ခရိုင်ရုံးများ လုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ပြည်နယ်/ တိုင်း/ ခရိုင်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်/တိုင်း/ ခရိုင်ရုံးများမှ တာဝန်ခံအရာရှိများ၊ ရုံးချုပ်ရှိ ဌာနအသီးသီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင် က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်/တိုင်းခရိုင်ရုံးများမှတာဝန်ခံ အရာရှိများက လုပ်ငန်းအစီရင်ခံစာ များကို ဖတ်ကြားတင်သွင်းကြရာ ရုံးချုပ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ ကလိုအပ်သည်များကိုဖြည့်စွက်ညှိနှိုင်း ဆွေးနွေးကြသည်။ ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက် တွင် ဆက်လက်ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၈-၅-၂၀၀၆)ရက်နေ့

၂၀၀၆ခုနှစ် ဇွန်လအတွက်

(၁၁-၆-၂၀၀၆)ရက်နေ့နှင့်

(၂၅-၆-၂၀၀၆)ရက်နေ့

အထွက်နှုန်းကောင်းရော်ဘာပျိုးပင်များ ရွေးချယ်စိုက်ပျိုးရန်အရေးကြီး စီးပွားရေးအရ အဖူးဆက်ပင်စိုက်ပျိုးခြင်းက ပို၍တွက်ခြေကိုက်

● ရွှေ့ဖုံးမှ

ရော်ဘာပင်သည် ပြည်တွင်းရော်ဘာလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်ပြီး နိုင်ငံခြားငွေ ရှာဖွေပေးနိုင်သည့် သီးနှံလည်းဖြစ်သည်။

စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့ရော်ဘာလိုအပ်ချက်သည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်။ ရော်ဘာလိုအပ်ချက် မြင့်မားလာ၍ ကမ္ဘာ့ရော်ဘာ စိုက်ပျိုးသည့် နိုင်ငံများက ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းကို အထူးအာရုံစိုက်လာကြသည်။

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက နိုင်ငံပိုင်ခြံများအပြင်ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက်ပါ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရော်ဘာနှင့် ပတ်သက်၍ ရော်ဘာစိုက်လုပ်ငန်းရှင်များနှင့် တောင်သူဦးကြီးများအား အသိပေးရန် မြန်မာ့အလင်းက ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသို့ သွားရောက်မေးမြန်းခဲ့သည်။

အသီးအပွင့်

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ နှစ်ရှည်ပင်များဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ

စိုက်ပျိုးခြင်းမှာ ပို၍တွက်ခြေကိုက်ကြောင်း စူပရင်းကုမ္ပဏီများအုပ်စုမှ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လေးက မြန်မာ့အလင်းသို့ရှင်းပြသည်။

စူပရင်းကုမ္ပဏီများအုပ်စုမှ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးရောင်းချပေးနေသော ရော်ဘာမျိုးကောင်းမျိုးသန့်များမှာ BPM-24, PB-260, PB -235, KRS-1561, RRIM-717, RRIC-100, RRIM-600 တို့ဖြစ်သည်။

ယင်းရော်ဘာ ပျိုးပင်မျိုးများအနက် BPM -24မျိုးမှာ အဖူးဆက်ပင်မျိုးဖြစ်ပြီး တစ်ဧက အပင် ၂၀၀စိုက်ပျိုးထားလျှင် ငါးနှစ်မှ ခုနစ်နှစ်အတွင်း တစ်နှစ်လျှင် ပေါင် ၁၀၀၀ အထက် ထွက်ရှိနိုင်ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကို အနှစ်၃၀အတွင်း စိုက်ဧက၁ဒသမ၅ သန်းစိုက်ပျိုးရန် မျှော်မှန်းထားပြီး မစိုက်ပျိုးရသေးသော မြေလွတ်မြေရိုင်းများစွာ ရှိသေးကြောင်းသိရသည်။

ရော်ဘာမျိုးခြံ

လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ စူပရင်းကုမ္ပဏီများအုပ်စုရုံးချုပ်မှ တစ်ဆင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် ရော်ဘာပျိုးပင်စိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်း ဒါရိုက်တာဦးမောင်မောင်လေးလိုက်ပါလျက် လှည်းကူး–ဖောင်ကြီးကားလမ်းဘေး ကြို့ကုန်းကျေးရွာအနီး စိုက်ပျိုးထားသော ရော်ဘာပျိုးခြံသို့လည်း သွားရောက်ကာ ကွင်းဆင်းလေ့လာခွင့်ရခဲ့ကြသည်။

နှစ်ရှည်ပင်လုပ်ငန်းမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၏ အသီးအပွင့်များကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းသည် ၂၀၀၃–၂၀၀၄ ခုနှစ်အထိ ဌာနပိုင်ခြံများနှင့် ပုဂ္ဂလိကခြံများမှ ထွက်ရှိသော ရော်ဘာများ ဝယ်ယူသည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ဝယ်ယူရရှိသော ရော်ဘာများမှ ပြည်တွင်းစက်ရုံများအတွက် လိုအပ်သော အရေအတွက်ကို ဖြည့်ဆည်းပေးပြီး ပိုလျှံသည့် ရော်ဘာများကို ပြည်ပသို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ဝင်းက ပြောကြားသည်။

ရော်ဘာပင်ကို နှစ်ရှည်ပင်များတွင် ရေရှည်အကျိုးဖြစ်ထွန်းသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်၍ တိုးချဲ့စိုက်ပျိုးခဲ့မှုကို အောက်ပါဇယားအတိုင်း တွေ့ရသည် –

စဉ်	ခုနှစ်	ရော်ဘာ (ဧက)
၁။	၁၉၉၈–၉၉	၃၆၉၄၀၃
၂။	၂၀၀၀–၀၁	၄၄၆၂၀၁
၃။	၂၀၀၂–၀၃	၄၅၆၈၆၈
၄။	၂၀၀၃–၀၄	၄၆၇၆၇၆
၅။	၂၀၀၄–၀၅	၅၀၂၆၅၃

အများဆုံးစိုက်ပျိုး

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို မြန်မာနိုင်ငံ၌ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ဧကအများဆုံးစိုက်ပျိုးသည်။ ကျန်ဒေသများတွင်လည်း ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးကြောင်းသိရသည်။

ရော်ဘာပင်များ စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်း ရော်ဘာပျိုးပင်များကို ရွေးချယ်စိုက်ပျိုးရန် အရေးကြီးသည်။ မျိုးမှန်မှပျိုးသန်ပြီး ရေရှည်အဖိုးတန်မည်ဖြစ်သည်။

အထွက်နှုန်းကောင်း

အမျိုးမှန်၊ အဖိုးတန်၊ ပျိုးမှန်ရော်ဘာပင်များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသော စူပရင်းကုမ္ပဏီများအုပ်စုတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗဟိုစည်အိမ်ရာ အမှတ် ၈၇/၈၈ သို့လည်း မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်ကာ အထွက်နှုန်းကောင်း ရော်ဘာပျိုးပင်များ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်ပြီး စေ့ငုမေးမြန်းခဲ့သည်။

ရော်ဘာပျိုးပင်ကို အစေ့မှလည်းကောင်း၊ အဖူးဆက်ပင်မှလည်းကောင်း ရရှိနိုင်ကြောင်း၊ အစေ့စိုက်ခြင်းထက် အဖူးဆက်ပင်စိုက်ပျိုးခြင်းမှာ Cloneနည်းဖြစ်၍ အထွက်နှုန်းတည်ငြိမ်ညီညာမှုရှိကြောင်း၊ စီးပွားရေးအရ အဖူးဆက်ပင်

ရော်ဘာဖူးကိုင်းကူး

ရော်ဘာလက်ခံအပင်သို့ မျိုးသန့် ရော်ဘာဖူး ကိုင်းကူးနေစဉ်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အဖူးပါအခေါက်

မျိုးကိုင်းပွားခင်းမှ ရော်ဘာဖူးပါ အခေါက်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

စိုက်ပျိုးရေးခြံကိုဝင်လိုက်သည်နှင့် မျိုးမှန်မှပျိုးသန်မည်၊ ပျိုးသန်မှ ရေရှည်အဖိုးတန်မည်ဟူသော ဆိုင်းဘုတ်ကိုဦးစွာတွေ့ရသည်။

ရှေးဦးစွာ ဆရာဦးမောင်မောင်လေးက စိုက်ပျိုးခင်းအတွင်း BPM-24ပျိုးပင်ကို BFမြေဩဇာထည့်သွင်း၍ စိုက်ပျိုးသောပျိုးပင်နှင့် မြေဩဇာအသုံးနည်း ရော်ဘာပျိုးပင်တို့၏ ရှင်သန်ကြီးထွားမှုကို နှိုင်းယှဉ်၍ရှင်းပြရာ BF မြေဩဇာဂရမ် ၂၀၀ သုံးသော ပျိုးပင်မှာ အပင်သန်စွမ်းမှုကောင်းနေသည်ကို တွေ့ခဲ့ရသည်။

မျိုးပွားနည်း

အဆိုပါ ရော်ဘာပျိုးခြံမှ BPM-24ရော်ဘာပျိုးများ အဖူးဆက်ပင်အဖြစ် မျိုးပွားနည်းကိုလည်း ဗဟုသုတအဖြစ် လေ့လာသိရှိခဲ့ရသည်။

အဖူးဆက်ပင်ပျိုးနည်းမှာ မူလရော်ဘာလက်ခံပင်တွင် ထွက်နှုန်းကောင်း BPM-24ပျိုးပင်အဖူးထွက်မည့် နေရာကိုဓားဖြင့်လွှာ၍ ဆက်ခြင်းဖြစ်သည်။

မျိုးသန့်ရော်ဘာဖူး ကိုင်းကူးအပင်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အဖူးဆက်ပင်

ယင်းအဖူးဆက်ပင်ကို ၂၁ရက်ပြည့်သည့်အခါ အဖူးထွက်ချိန်တွင် လက်ခံပင် အပေါ်ပိုင်းကို ဓားဖြင့်ဖြတ်လိုက်ရသည်။

အဆိုပါ အဖူးဆက်ပင်ကို စနစ်တကျလိုအပ်သော မြေဩဇာများကိုလည်း ထည့်ပေးရသည်။ အပင်များကို ကျင်းချစိုက်ပျိုးရမည့်အချိန်တွင် ရွက်ဖျန်းမြေဩဇာ မာတီအင်ပီကေနှင့် မာတီဖတ်တို့ကို ဖျန်းပေးရသည်ဟု ဆိုသည်။

ဖြန့်ဖြူးပေးနေ

စူပရင်းကုမ္ပဏီများ အုပ်စုက အဆိုပါ စိုက်ပျိုးခြံအပြင် ဧရာဝတီတိုင်း မော်တင်လမ်းပေါ်ရှိ စိန်တောင်ဒေသ၌လည်း ရော်ဘာမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးလျက် ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ပရိဘောဂပြုလုပ်နိုင်

ရော်ဘာကို စတင်စိုက်ပျိုးပြီး ငါးနှစ်မှ ခုနစ်နှစ်အတွင်း စတင်အစေးခြစ်ယူနိုင်မည်ဖြစ်ပြီး သက်တမ်း ၁၅ နှစ်အတွင်း အစေးအများဆုံးထွက်ရှိကြောင်း သိရသည်။ သက်တမ်းလွန် အစေးမထွက်တော့သည့် ရော်ဘာပင်များကို ရော်ဘာသစ်သားထုတ်လုပ်၍ သစ်အချောထည်ပရိဘောဂများလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။

ရော်ဘာပင်သစ်များကို ဇွန်လအတွင်းအပြီး စိုက်ပျိုးလေ့ရှိသည်။ ထိပ်ဆုံးရှိ ရွက်ဖုံ့ရင့်ပြီးသော ပျိုးပင်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

ရော်ဘာကို ဆီအုန်းကဲ့သို့ ချေးငွေလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဆိုပါက ယခုအောင်မြင်မှုထက်များစွာ ပို၍အောင်မြင်နိုင်ကြောင်း အဆိုပါကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ ဦးမောင်မောင်လေးက မြန်မာ့အလင်းသို့ ပြောကြားသည်။

စနစ်တကျရွေးချယ်

သို့ဖြစ်၍ ရော်ဘာလုပ်ငန်းရှင်များ တစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုးသော တောင်သူဦးကြီးများအနေဖြင့် သားစဉ်မြေးဆက် ရေရှည်ခိုင်မာ စီးပွားဖြစ်ထွန်းရန်အတွက် မျိုးမှန်၊ ပျိုးသန်၊ အဖိုးတန်ရော်ဘာမျိုးများကို စနစ်တကျ ရွေးချယ်စိုက်ပျိုးသင့်ကြပါကြောင်း အကြံပြုရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

● ကျောဖုံးမှ

ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကြီးသူဖြစ်ရမည်။ ရန်ကုန် ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေး တက္ကသိုလ်(မန္တလေးဌာနခွဲ) တို့၌ သင်တန်းတက်ရမည်။ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ လုပ်သက်တစ်ဆက်တည်း အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။ ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက်မှစ၍ တစ်လသင်တန်း တက်ရောက်ရမည် ဖြစ်သည်။

သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အခြေခံပညာ ကျောင်းများ၌ အထက်တန်းပြအဖြစ် ခန့်ထားပေးမည်ဖြစ်ပြီး လုပ်သက် အရ ပညာရေးဘွဲ့(B.Ed)သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းသင်တန်းဝင်ခွင့် လျှောက်ထားသူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများ၌ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံများ ရယူ၍ ကိုယ်တိုင် ရေးသားဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံကို ခြောက်လအတွင်း ရိုက်ကူးထားသည့် ပတ်(စ်)ပို့အရွယ် ဓာတ်ပုံကပ်၍ ဘွဲ့လက်မှတ် မိတ္တူ၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် မိတ္တူ၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များဖြင့် ၂၀၀၆ ခုနှစ် ဇွန် ၉ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ပေးပို့တင်သွင်းရမည်ဖြစ်သည်။

လျှောက်ထားသူများ သင်တန်းဝင်ခွင့်စာမေးပွဲအတွက် ဇွန် ၁၄ ရက် နံနက်၉ နာရီတွင် ဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲနှင့် မွန်းလွဲ ၂ နာရီတွင် အထွေထွေဗဟုသုတဆိုင်ရာ ရေးဖြေစာမေးပွဲများ ကျင်းပ စစ်ဆေးမည်ဖြစ်ပြီး ဇွန် ၁၇ ရက်မှစ၍ ဘာသာရပ်အလိုက် လူတွေ့ နှုတ်ဖြေ စစ်ဆေးမည်ဖြစ်သည်။

အဆိုပါ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးမည့် တက္ကသိုလ်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံး၌ ကြေညာထားကြောင်းနှင့် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ မိမိတို့ ပြည်နယ်/တိုင်း သို့မဟုတ် မြို့နယ်အဆင့်ဌာန အကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည် ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီး ဌာနတို့မှ သတင်းရရှိသည်။

(သတင်းစဉ်)

ထစ်ချုန်း ရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး ဦးစီးကော်မတီ ညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် အမှာစကားပြောကြား

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြန်မာအမျိုးသမီး များနေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ခင်လေး မြင့်နှင့် ဒေါ်ခင်သက်ဌေး၊ အထွေထွေ အတွင်းရေးမှူးနှင့် ဦးစီးကော်မတီဝင် များ၊ လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

အဖွင့်အမှာစကားပြော

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကား ပြောကြား

မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် မြန်မာအမျိုးသမီး များနေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာအမျိုးသမီး များနေ့ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် အထွေထွေအတွင်း ရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင် မာထွန်းက **"မြန်မာအမျိုးသမီးများ နေ့"** အထိမ်းအမှတ် အကြိုလှုပ်ရှားမှု လုပ်ငန်းစီမံချက်နှင့် **"မြန်မာအမျိုး သမီးများနေ့"** အခမ်းအနား ကျင်းပ ရေး စီမံချက်တို့ကို ရှင်းလင်းတင်ပြ သည်။

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာအမျိုးသမီး များနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု အဖွဲ့များဖြစ်ကြသည့်အမျိုးသမီးရေးရာ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့၊ တေးသီချင်း၊ ပညာပေးရုပ်မြင်သံကြားဇာတ်လမ်း၊ ဆွေးနွေးခန်းများ ထုတ်လွှင့်ရေးအဖွဲ့၊ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ဆောင်ပုဒ်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြ ရေးအဖွဲ့၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပ ရေးအဖွဲ့၊ စာတမ်းဖတ်ပွဲအခမ်းအနား ဖြစ်မြောက်ရေးနှင့် ဧည့်ခံကျွေးမွေးရေး အဖွဲ့၊ ဓာတ်ပုံပြိုင်ပွဲကျင်းပရေးအဖွဲ့၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးအဖွဲ့၊ စကားရည်လုပွဲနှင့် ကျပန်းစကား ပြောပြိုင်ပွဲကျင်းပရေးအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည် ပြပွဲကျင်းပရေးအဖွဲ့၊ မြန်မာအမျိုးသမီး ဆိုင်းဘုတ်များ စိုက်ထူရေး အဖွဲ့၊ မြန်မာအမျိုးသမီးများ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပရေးအဖွဲ့နှင့် ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက် ရေးလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်း ဆောင်များက လုပ်ငန်းဆောင်ရွက် ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြကြရာ တက်ရောက်လာကြသူ များက ဖြည့်စွက် ဆွေးနွေးတင်ပြ ကြသည်။

ဆောင်ရွက်ထားရှိမှု

ဆက်လက်၍ မြန်မာအမျိုးသမီး များနေ့ အခမ်းအနား ကျင်းပရေး အထောက်အကူပြုအဖွဲ့များ ဖြစ်ကြ သည့်ဖိတ်ကြားရေးနှင့် အခမ်းအနား ဖြစ်မြောက်ရေးအဖွဲ့၊ အခမ်းအနား ပြင်ဆင်ရေးအဖွဲ့၊ အခမ်းအနားကြိုဆို နေရာချထားရေးအဖွဲ့၊ အခမ်းအနား ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ သယ်ယူ ပို့ဆောင်ရေးအဖွဲ့၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၊ ဆုချီးမြှင့် ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ လုံခြုံ ရေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ ဓာတ်ပုံ ပြကွက် ခင်းကျင်း ပြသရေးအဖွဲ့နှင့် မိန့်ခွန်းပြုစုရေးအဖွဲ့တို့မှ အဖွဲ့ခေါင်း ဆောင်များက လုပ်ငန်းဆောင်ရွက် ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

အတည်ပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်း ဆွေးနွေးအကြံပြု၍ ဆုံးဖြတ်အတည် ပြုကြကာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေး ကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ယင်းအခမ်းအနားသို့ ဖားကန့်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် NLDပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး ဖားကန့် မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမောင်ကိုက သဘာပတိအဖြစ် ဆောင်ရွက်၍ ဖားကန့် မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တွဲဖက်တာဝန်ခံ ဦးခိုင်မိုးဦး(ခေါ်)မဟူရာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ၄၃ဦး၏ကိုယ်စား ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးချစ်ထွေးက နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် NLD ပါတီသည် ပါတီကောင်းစားရေး၊အာဏာရရှိရေး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် မူတစ်ခုတည်းကို ဦးတည်ပြီး အဖျက်အမှောင့်လုပ်ရပ်ကို လုပ်ဆောင်နေမှုကြောင့် ပါတီအပေါ်စိတ်ပျက်ပြီး စိတ်ဝင်စားမှု တစ်နေ့တခြား လျော့နည်းလာကြောင်း၊ တိုင်းရင်းသားပြည်သူများသည် နိုင်ငံတော်အစိုးရနှင့်အတူ သဘောထားညီညီ နိုင်ငံတော် ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အမျိုးသားရေးသက်သက်ကိုသာ နေ့မအား ညမနား ဦးတည်ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရကြောင်း၊ ထို့ကြောင့် အမျိုးသား နိုင်ငံရေး သက်သက်ကိုသာ စိတ်ဝင်စားလာပြီး ပါတီနိုင်ငံရေးကို စိတ်ဝင်စားမှု လုံးဝမရှိတော့ကြောင်း၊ ၎င်းတို့သည် နိုင်ငံရေးကို သန့်သန့်ရှင်းရှင်းဆောင်ရွက်ပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို ထိရောက်စွာ ဆောင်ရွက် မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အသက် သွေးကြောဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီး စတင်ကျင်းပစဉ်က NLDပါတီက တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ သို့ရာတွင် NLDပါတီသည် ပါတီကောင်းစားရေးတစ်ခုတည်းကို သာကြည့်ပြီး ကြိုးကိုင်ခြယ်လှယ်တောင်းဆိုမှုများ မရသည့်အတွက် အမျိုးသားရေးကိုမကြည့်ဘဲ ညီလာခံကို ကျောခိုင်းခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် အမျိုးသားညီလာခံ ပြန်လည်ကျင်းပစဉ် NLDပါတီအား တက်ရောက်ရန် နိုင်ငံတော်အစိုးရက ဖိတ်ကြားခဲ့သော်လည်း NLDပါတီသည် တက်ရောက်ခြင်းမရှိကြောင်း၊ ပါတီတစ်ခုလူတစ်စု ကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြည်ပနိုင်ငံအချို့နှင့် မြေပေါ်မြေအောက် အဖျက်သမားများနှင့် ပူးပေါင်းဆောင်ရွက် နေကြောင်း၊ နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးမူဝါဒကြောင့် ယခုအခါ ကချင်ပြည်နယ် အပါအဝင် နိုင်ငံတော် တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုကို လက်တွေ့ခံစားနေရပြီဖြစ်ကြောင်း၊ အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား ကိုယ်ကျိုးအတ္တကြီးမားသည့် NLDပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ NLD ပါတီမှ နုတ်ထွက်သူ ၄၃ ဦးကိုယ်စား ဖားကန့်မြို့ အေးမြသာယာရပ်ကွက်နေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ဦးမုန်လင်က နုတ်ထွက်လွှာများကို ဖားကန့်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံပေးအပ်ပြီး အခမ်းအနားကို နံနက် ၁၁နာရီ မိနစ်၂၀ တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုင်တီပညာ ဖွံ့ဖြိုးတိုးတက်ရေး Open Source Software သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၄

ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ သင်တန်းများဖွင့်လှစ်လျက်ရှိရာ "Open Source Software (OSS)"သင်တန်းကို ဇွန် ၁၂ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အတွင်း နေ့စဉ် ညနေ ၃ နာရီမှ၇နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် ဇွန် ၉ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) Myanmar Info-Tech လှိုင်မြို့နယ်၌ လာရောက်လျှောက်ထားနိုင်ပြီး အသေးစိတ် မေးမြန်းလိုပါက ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စိတ်ဓာတ်ကြံ့ခိုင်

ပန်းတိုင်ချီတက်

အောင်ပွဲဆက်

ပိုးသတ်ဆေးအကြောင်း သိကောင်းစရာ (၁)

ကိုရဲ (စိုက်ပျိုးရေး)

စိုက်ပျိုးရေးလုပ်ငန်းတွင် ပိုးမွှားကျရောက်မှုများပြားလျှင် ပိုးသတ်ဆေးကို မလွှဲသာ၊ မရှောင်သာ မဖြစ်မနေ အသုံးပြုကြရသည်။ ယင်းသို့ သုံးရာတွင် နှစ်ရှည်သီးပင်များနှင့် ကောက်ပဲသီးနှံစိုက်ခင်းများထက် ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် ပိုးသတ်ဆေး စနစ်တကျဖျန်းမှ စားသုံးသူများ အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည်။

ပိုးသတ်ဆေးပုလင်း ဆေးဘူးတိုင်းတွင် ဆေးဖျန်းပြီး ရက်မည်မျှကြာမှခူးဆွတ်၍ ဈေးကွက်ပို့ပါဟု ညွှန်ကြားချက်များ ပါရှိသည်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားရှိပြီး ပိုးသတ်ဆေးဥပဒေအရ ပိုးသတ်ဆေးများကို မှတ်ပုံတင်ပြီး ရောင်းချရပါသည်။ ဆေးပုလင်းအမျိုးအစား၊ အရွယ်အစား၊ ဆေးအမည်၊ ဆေးအညွှန်းတို့ကို သတ်မှတ်ချက်ထားရှိကာ ဆေးအညွှန်းကို လူတိုင်းနားလည်သည့် မြန်မာဘာသာဖြင့် ရေးသားဖော်ပြရောင်းချကြရန် ညွှန်ကြားပြီးဖြစ်သည်။

ဆေးညွှန်းအတိုင်းလိုက်နာပါက အန္တရာယ်မရှိ။ သို့သော် လိုက်နာခြင်းမရှိဘဲ ပေါ့ဆစွာ လုပ်ကိုင်နေကြပါလျှင် အန္တရာယ်များသည်။ ထို့ကြောင့် **"ပိုးသတ်ဆေးကို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ဘေး"**ဟု ဆိုကြသည်။

ဆေးဖျန်းရာတွင်လည်း အန္တရာယ်မဖြစ်အောင် ဆေးရည်နှင့်ရေ ရောစပ်မှု၊ အသုံးပြုမည့်ဆေးဖျန်းပုံးမှအစ၊ ပက်ဖျန်းသူ၏ ခန္ဓာကိုယ်မထိမိအောင် ကာကွယ်မှု၊ ဆေးဖျန်းမည့် လေတင်၊ လေညာအရပ်ရွေးချယ်မှုတို့ကို ကြိုတင်စဉ်းစား ဆောင်ရွက်ကြရသည်။

ယခုအခါ စားသုံးသူများသည် ဩဂဲနစ်စိုက်ပျိုးရေး၊ ဩဂဲနစ်မွေးမြူရေးဟုခေါ်သည့် ဓာတုဗေဒပစ္စည်းမသုံးသည့် စိုက်ပျိုးမွေးမြူမှုတို့မှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို နှစ်ခြိုက်စားသုံးလာကြသည်။ ဈေးကွက်မှာပင် သီးခြားဈေးကွက်ဩဂဲနစ်ပစ္စည်းက ဈေးပိုရသည်။ ရွေးချယ်ဝယ်ရာတွင် ဟင်းသီးဟင်းရွက်၌ ပိုးကိုက်ဒဏ်ရာပါလျှင် ပိုးသတ်ဆေးမပက်ဖျန်းသည့်အတွက် စိတ်ချရသည်ဟု ရွေးချယ်ဝယ်ကြလေ့ရှိသည်။

ပိုးသတ်ဆေးကို ထုတ်လုပ်ရာတွင် စိုက်ပျိုးရေးနှင့် ကျန်းမာရေးလုပ်ငန်းအတွက် အသုံးပြုရန် ထုတ်လုပ်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများကို ထုတ်လုပ်စဉ်ကပင် ကြာရှည်မခံအောင် ပတ်ဝန်းကျင်အန္တရာယ် နည်းပါးအောင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ထုတ်လုပ်ကြသည်။

ဤနေရာတွင် ပိုးသတ်ဆေးပက်ဖျန်းပြီး ကျန်ရှိသည့် ဓာတ်ကြွင်း၏ အန္တရာယ်ပေးမှုကို သိရှိကြရန်လိုသည်။ ဓာတ်ကြွင်းမှာ ပိုးသတ်ဆေးများတွင် ပါဝင်သည့် အဆိပ်ရှိပစ္စည်းနှင့် မသန့်စင်သောပစ္စည်းတို့ ပါဝင်သည်။ ပိုးသတ်ဆေးများတွင် အမြင့်ဆုံးပါရှိသည့် ဓာတ်ကြွင်းပမာဏသည် အလွန်နည်းပါးသည်။ လူတစ်ဦး၏ သေစေနိုင်သော နှုန်းထားရောက်သည်အထိ လူ့ခန္ဓာကိုယ်အတွင်း ဝင်ရောက်နိုင်ရန် အချိန်ကာလများစွာယူရသည်။ ပိုးသတ်ဆေးရည်ပြင်းကို တိုက်ရိုက်သောက်သုံးမိပါက သေနိုင်သည်။ ပိုးသတ်ဆေး ပက်ဖျန်းထားသည့်စိုက်ခင်းမှ ဟင်းသီးဟင်းရွက်ကို ပိုးသတ်ဆေးဓာတ်ကြွင်းပြယ်သည့် သတ်မှတ်ရက်မတိုင်ခင် ခူးဆွတ်ရောင်းချပါက ဓာတ်ကြွင်းပါနိုင်သည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်များကို ဈေးမှဝယ်ယူစားသုံးရာတွင် ရေနိုင်နိုင်ဆေး၍ စားကြသည်။ လုံလောက်သောအပူပေး၍ ချက်ပြုတ်စားကြသည်။ သို့သော် အဆီပါသည့် ပိုးသတ်ဆေးများသည် ကင်းစင်ပျက်ပြယ်မှု နည်းပါးသည်။

အဆိုပါဟင်းသီးဟင်းရွက်များကို စားပြီးချက်ချင်း အန္တရာယ်မပေးနိုင်ပါ။ (ဥပမာ-ပိုးသတ်ဆေးအသုံးပြုသည့် ဂေါ်ဖီထုပ်ဆိုပါက တန်ချိန်၁၅၀ခန့်စားမှ အန္တရာယ်ပေးနိုင်သော နှုန်းထားရောက်သည်။)

ပိုးသတ်ဆေးဓာတ်ကြွင်းပါသည့် သီးနှံများကို စားသုံးခြင်းဖြင့် လူသားများ ရုတ်တရက် သေဆုံးမည် မဟုတ်သော်လည်း ခန္ဓာကိုယ်အတွင်း တစ်စတစ်စ များပြားလာပါက အသည်းရောဂါများဖြစ်ပွားခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်း၊ တစ်သျှူးများ မူမမှန်ကြီးထွားခြင်း၊ မျိုးပွားအင်္ဂါအစိတ်အပိုင်းများ ထိခိုက်ခြင်း၊ သန္ဓေသား ထိခိုက်ခြင်း၊ နှင်းခူကဲ့သို့သော အရေပြားယားယံ ရောဂါဖြစ်ပွားခြင်းတို့ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများက ပိုးသတ်ဆေး ဓာတ်ကြွင်းမပါရှိအောင် ပိုးသတ်ဆေးပုလင်းပါ အညွှန်းအတိုင်း ဂရုပြုဆောင်ရွက်ကြရန် လိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နမ့်တိန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွာမကျောက်ချောလမ်းဖွင့် ကျေးရွာစာကြည့်တိုက်သို့ အလှူငွေနှင့် စာအုပ်မျိုးစုံလှူဒါန်း အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ဆေးကုသပေး

ရန်ကုန် မေ ၂၄

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်ကို အလေးထား အကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်တိန်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွာမကျောက်ချောလမ်းဖွင့်ပွဲကို မေ ၄ ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးခင်မောင်ကြီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက အမှာစကားပြောကြားသည်။ ထို့နောက် နမ့်တိန်းစံပြကျေးရွာ ရွာမိရွာဖ ဦးလုံးလောင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဆက်လက်၍ မိုင်းပန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းစံဝင်း၊ ရပ်မိရပ်ဖ ဦးစိုင်းထွန်းတို့က နမ့်တိန်းရွာမ ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသူများက ရွာမကျောက်ချောလမ်းကို ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ရွာမကျောက်ချောလမ်းသည် အရှည်ပေ ၁၀၀၀၊ အကျယ် ၁၀ ပေရှိပြီး ပြည်သူထည့်ဝင်ငွေ ကျပ်သုံးသိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

လှူဒါန်း

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ်ထားသော "ပညာအလင်းရောင်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအမှုဆောင် ဒေါ်စန်းယဉ်အုန်းက အလှူငွေကျပ် ၅၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းစိန်နုက အလှူငွေကျပ်၅၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက စာအုပ်မျိုးစုံ ၁၀၀ လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးလုံးထွန်းက လက်ခံသည်။ ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်နှစ် နမ့်တိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက် ဆုချီးမြှင့်ခဲ့ကြသည်။

အခမဲ့ကုသပေး

နမ့်တိန်းကျေးလက်ကျန်းမာရေးဌာနခွဲ၌ လွိုင်လင်ခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ဆေးကုသပေးရာ မျက်စိလူနာ ၄၁ ဦး၊ သွားလူနာ ၂၅ဦး၊ အထွေထွေရောဂါ၁၁၁ဦး စုစုပေါင်းလူနာ ၂၀၆ ဦးတို့အား အခမဲ့ကုသပေးခဲ့သည်။

စုပေါင်းစိုက်ပျိုးပေး

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှု၊ ကြက်ဆူဆီထုတ်လုပ်မှု သရုပ်ပြပွဲကျင်းပရာ ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စိုးဝင်းက ရှင်းလင်းတင်ပြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နမ့်တိန်းကျေးရွာ ခြံစည်းရိုးကြက်ဆူ စံပြငါးဧကစိုက်ခင်းအတွက် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးပြီး ကျေးရွာ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။ မိုင်းပန်မြို့နယ်၌ မေ၄ရက်အထိ ခြံစည်းရိုးကြက်ဆူ ဧက၁၅၈ဧကစိုက်ပျိုးထားပြီး ပျိုးထောင်ပြီး အပင်ပေါင်း ၁၇ ဒသမ ၁၁ သိန်းရှိကြောင်း သိရသည်။

စကားဝိုင်းဆွေးနွေး

နမ့်တိန်းစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းရင်းသူ အမျိုးသမီးများ စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံတိုင်းရင်းသူများ၊ စုစုပေါင်း၁၂၀ကျော်ခန့် တက်ရောက်ကြပြီး လင်းခေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်တင်မိုးဆွေက အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လင်းခေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်လှနှင့် မိုင်းပန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းရွှေမေတို့က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းပုံနှင့် တာဝန်များကိုလည်းကောင်း၊ လူကုန်ကူးမှုကင်းစင်ရေး၊ အကြမ်းဖက်မှုမှ ကာကွယ်ရေးတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

ဆက်လက်၍ သက်ကြီးရွယ်အို၁၂ဦးအား ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကန်တော့ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

တင်ပို့ရောင်းချ

နမ့်တိန်းစံပြကျေးရွာ၌ အိမ်ထောင်စု၇၂စုရှိပြီး လယ် ၉၃၃ဧက၊ ယာမြေ၅၃၂ဧက၊ ဥယျာဉ်ခြံ ၈၃ဧကရှိရာ အဓိကအားဖြင့် စပါး၊ပဲပုပ်၊ကြက်သွန်ဖြူ၊နာနတ်၊ လိမ္မော်၊ ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးကြသည်။ ထွက်ရှိသော သီးနှံများကို လင်းခေးခရိုင်မှတစ်ဆင့် အနယ်နယ် အရပ်ရပ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အင်ဂျင်စက် သုံးလုံးဖြင့် လျှပ်စစ်မီးပေးလျက်ရှိရာ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ မြဝတီရုပ်မြင်သံကြား အစီအစဉ်တို့ကိုလည်းကောင်း၊ ဂြိုဟ်တုစလောင်းဖြင့် လည်းကောင်း ကြည့်ရှုနိုင်ကြပြီဖြစ်သည်။

ကျေးရွာသောက်သုံးရေရရှိရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေရရှိရေးအတွက် နမ့်တိန်းဆည် သုံးခုမှ ရေရရှိသည်။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်တွင် အလောင်းမင်းတရားကြီး တည်ထားခဲ့သော မိုင်းပန်မြို့သို့ သွားလိုပါက နမ့်တိန်းရွာကို ဖြတ်သန်းသွားရခြင်း၊ နမ့်တိန်းရွာ၌ မဟာတေဇာဓိပတိ(ရွှေတိဂုံ ပုံတော်တူ) စေတီတော်တည်ထားကိုးကွယ်ထားရှိခြင်း၊ မိုင်းပန်မြို့နယ် တောင်ဘက်၌ ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိနေခြင်း၊ ကျွန်း၊ သစ်မာနှင့် သစ်တောထွက်ပစ္စည်းများပေါများခြင်း၊ ဒေသထွက် လယ်ယာထွက်ကုန်သီးနှံပေါများခြင်းတို့ကြောင့် နမ့်တိန်းစံပြကျေးရွာသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့ရှိရသည်။

(သတင်းစဉ်)

လှိုင်မြစ်ကျော်(ဘုရင့်နောင်)ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ချိန် ရေကြောင်းလမ်းခေတ္တပိတ်ထားမည်

ရန်ကုန် မေ ၂၄

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက လှိုင်မြစ်ကျော် (ဘုရင့်နောင်) ၂၃၀ ကေဗွီဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဘက်ကမ်းနှင့် လှိုင်သာယာမြို့နယ် လှိုင်သာယာဘက်ကမ်းအကြား ဘုရင့်နောင်တံတားအနီး လှိုင်မြစ်ပေါ်တွင် မေ ၂၅ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ခေတ္တပိတ်ထားမည်

ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း ရေယာဉ်များမဖြတ်သန်းရန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်ဖြစ်သည်။

အဆိုပါ ရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့် ရေယာဉ်များ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာရေကြောင်း၌ ခေတ္တရပ်နား စောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာဘိလိယက် အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၄

၂၀၀၆ခုနှစ် မေ ၁၃ ရက်မှ ၂၀ ရက်အထိ အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဒေါက်တာမင်းနိုင် (နည်းပြ/အုပ်ချုပ်)ပါဝင်သည့် အောင်ပွဲရ မြန်မာဘိလိယက် အားကစား အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဆိုပါ အောင်ပွဲရမြန်မာဘိလိယက်အားကစားအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်မြတ်နှင့် အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင် အားကစားမောင်မယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂုဏ်ပြုပန်းစည်းများပေးအပ်၍ ကြိုဆို နှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အောင်ပွဲရ မြန်မာဘိလိယက် အားကစားအဖွဲ့တွင် အောင်ဆန်းဦးက (၅)ကြိမ်မြောက် အာရှဘိလိယက် တစ်ဦးချင်း ချန်ပီယံရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ကျော်ဦးက တတိယကြေး တံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်း အမှတ် ၂၅(ဘီ) ၅လွှာနေ ဦးခင်မောင်ထူး–ဒေါ်မြင့်မြင့်ဝင်း၊ သား မောင်အောင်မျိုးထူး မိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

စားအုန်းဆီသင်္ဘော ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၂၄

နိုင်ငံတော်၏ အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ယနေ့ ညနေ ၅နာရီတွင် စားအုန်းဆီတန်ချိန် ၂၇၅၀ပါ MT-Yanee(**ယာပုံ**)သင်္ဘောသည် ရန်ကုန်မြို့ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ် လာပြီး တာဝန်ရှိသူများက ကြည့်ရှု စစ်ဆေးကြသည်။

ထပ်မံဆိုက်ကပ်မည်

အလားတူ မေ ၂၈ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ပါ သင်္ဘောတစ်စင်းနှင့် မေ ၃၀ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၀၀ပါသင်္ဘောတစ်စင်းတို့ ထပ်မံဆိုက်ကပ်လာမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာစီးပွားကုန်သွယ်ရေးပြပွဲတက်ရောက်ရန် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း တရုတ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့၌ကျင်းပမည့် (၇)ကြိမ်မြောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်ပိုင်းဒေသ အပြည်ပြည်ဆိုင်ရာ စီးပွားကုန်သွယ်ရေးပြပွဲသို့ တက်ရောက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးအောင်နိုင်ဦး၊ မြန်မာ့ကြံလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးဦးငွေချွန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့လည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စင်ကာပူခြင်္သေ့ဖလားဖိတ်ခေါ်ပြိုင်ပွဲ မြန်မာ(ယူ–၁၇) အသင်းပါဝင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး–ကိုထွေး၊ ဓာတ်ပုံ–အောင်မြင့်(ပြန်/ဆက်)

ရန်ကုန် မေ ၂၄

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ခြင်္သေ့ဖလား(Lion Cup)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို လာမည့် ဇွန် ၅ ရက်မှ ၁၀ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည်။ အသက် (၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်မြင်ထားသော မြန်မာလူငယ်ဘောလုံးအသင်း သည် ခြင်္သေ့ဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းအားဖြင့် အတွေ့အကြုံကောင်းများရရှိမည်ဖြစ်သည်။

အလေးထား

စင်ကာပူခြင်္သေ့ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်မည့် အသင်းများမှာ စင်ကာပူ(က)အသင်း၊ စင်ကာပူ(ခ)အသင်း၊ မလေးရှားအသင်းနှင့် မြန်မာ(ယူ–၁၇)အသင်းတို့ ဖြစ်ကြသည်။ မြန်မာ(ယူ–၁၇)အသင်း ယှဉ်ပြိုင်ရမည့်ပြိုင်ဘက်အသင်းများမှာလည်း လူငယ်အသင်းများသာ ဖြစ်ဖွယ်ရှိရာ အောင်မြင်မှုရရှိရေးအတွက် အလေးထားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်စွဲခဲ့

၁၉၉၁ခုနှစ် စက်တင်ဘာလအတွင်းက ကျင်းပခဲ့သော စင်ကာပူခြင်္သေ့ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ မြန်မာ(ယူ–၁၆)အသင်းပါဝင်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရဗိုလ်စွဲခဲ့သည်။ မြန်မာ(ယူ–၁၆)အသင်းသည် အုပ်စု(ခ)၌ပါဝင်ခဲ့ပြီး မလေးရှားမှ ထရင်ကယ်ဂျိုဟိုးအသင်းကို ကိုးဂိုး–ဂိုးမရှိ၊ ဟောင်ကောင်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် မလေးရှားမှ ဆီလင်ဂေါ်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် အိမ်ရှင်စင်ကာပူအသင်းနှင့်ဆုံတွေ့ရာ မြန်မာ(ယူ–၁၆)အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ခြေစမ်းပွဲ

စင်ကာပူခြင်္သေ့ဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အသက်(၁၇)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်အသင်းသည် အာရှလူငယ် ခြေစစ်ပွဲများ အပြီး တစ် ပတ်ခန့်အနားယူပြီးနောက် စခန်းသွင်းလေ့ကျင့်မှုများ ပုံမှန်ပြုလုပ်လျက်ရှိသည်။ ယခုအခါ ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်သည့် အလျောက် အသင်းလိုက် ညီညွတ်မှု (Team Work)ရရှိစေရန်အတွက် ပြည်တွင်းမှ ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

မေ၁၉ရက်နေ့အထိ ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရှိထားသည်။ မေ၆ရက်က ဆောက်လုပ်ရေး(ယူ–၂၀)အသင်းနှင့်ယှဉ်ပြိုင်ကစားရာ ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မေ၁၀ရက်က ပထမတန်းမှ စက်မှု(၁)အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မေ၁၅ရက်က ပထမတန်းမှ First Eleven အသင်းနှင့်ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။ မေ၁၉ရက်က အဆင့်မြင့်တန်းမှ ပို့ဆောင်ရေးအသင်းနှင့် မြန်မာ(ယူ–၁၇)အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပို့ဆောင်ရေးအသင်းက သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

တာဝန်ယူ

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ် Mr. Rodoy Minkovski(ဘူဂေးရီးယား)၊ နည်းပြအဖြစ် ဦးခင်မောင်တင့် (ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြများအဖြစ် ဦးဇော်လေးအောင် (အား/ကာ)နှင့် ဦးကျော်လွင်(ကာကွယ်ရေး) ဂိုးနည်းပြအဖြစ် ဦးထွန်းတင့်အောင် (ကာကွယ်ရေး)တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

အားကစားသမားများအဖြစ် **(ဂိုး)** နေလှိုင်(လယ်ယာထွက်ကုန်)၊ ဗန်လားဟရွယ်(ဆက်/စာ/ကြေး)၊ **(နောက်တန်း)**အေးမိုး(တံခွန်)၊ စန်းလွင်ဦး၊ သန်းထွန်းအောင် (ရထားပို့ဆောင်ရေး)၊ နိုင်လင်းထွန်း (စွမ်းအင်)၊ ငြိမ်းဉာဏ်စိုး၊ မိုးနိုင်ထွန်း၊ မြတ်နိုးအောင်(အားကာသိပ္ပံ၊ မန္တလေး)၊ **(အလယ်တန်း)**ဒေးဗစ်ဒန်း၊ တင်ဝင်းအောင်၊ ပိုင်မျိုးဦး၊ ချစ်ကိုကိုထွေး (အား/ကာသိပ္ပံ၊ မန္တလေး)၊ အောင်ကျော်မျိုး(စွမ်းအင်)၊ ဇင်မျိုးအောင် (တံခွန်)၊ ဇော်လင်း(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ **(ရှေ့တန်း)** ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ အောင်မြင့်ထွန်း၊ ကောင်းမြတ်ဟန် (အား/ကာသိပ္ပံ၊ ရန်ကုန်)၊ ရန်အောင်ဝင်း(အား/ကာသိပ္ပံ၊ မန္တလေး)တို့ပါဝင်ကြသည်။

ခြေစွမ်းပြ

မြန်မာ(ယူ–၁၇)အသင်း၏ အသင်းခေါင်းဆောင် ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)သည် မျိုးဆက်သစ်ဘောလုံးသမားများအနက် ထွန်းတောက်လာသော ကြယ်တစ်ပွင့် ဖြစ်သည်။ ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီအတွက် ဒုတိယဂိုးအများဆုံးသွင်းသူဆု(ငွေဖိနပ်ဆု)နှင့် ဒုတိယအကောင်းဆုံး ဘောလုံးသမားဆု (ငွေဘောလုံးဆု)ကို ဆွတ်ခူးရရှိထားသော ပြည့်ဖြိုးဦးသည် အားကာသိပ္ပံ(ရန်ကုန်) ကျောင်းထွက်တစ် ဦးဖြစ်ပြီး အာရှလူငယ်ခြေစစ်ပွဲစဉ်များ၌ ခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

အသက် (၁၇)နှစ်အောက် မြန်မာလူငယ်လက်ရွေးစင် ဘောလုံး အသင်းသည် ၂၀၀၅ခုနှစ် အသက် (၁၇)နှစ်အောက် အာဆီယံလူငယ် ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော လက်ရှိ ချန်ပီယံအသင်းဖြစ်သည်။ အာဆီယံ ချန်ပီယံ မြန်မာ(ယူ–၁၇)အသင်းမှ အားကစားသမားရှစ်ဦး ယခုအသင်း၌ ဆက်လက်ပါဝင်လျက်ရှိသည်။

ခြေစစ်ပွဲအောင်

မြန်မာ(ယူ–၁၇)အသင်းသည် အာရှလူငယ်ခြေစစ်ပွဲစဉ် ယှဉ်ပြိုင်ခဲ့ရာ မော်လဒိုက်လူငယ်အသင်းကို ၁၂ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အိမ်ရှင်ထိုင်းလူငယ်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ထိုင်းလူငယ်အသင်းက မော်လဒိုက်လူငယ်အသင်းကို ၁၀ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်းတို့ လေးမှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်အရ မြန်မာလူငယ် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

အသက် (၁၇)နှစ်အောက် အာရှလူငယ်ဘောလုံးပြိုင်ပွဲကို စင်ကာပူနိုင်ငံ၌ ၂၀၀၆ခုနှစ် စက်တင်ဘာ ၃ရက်မှ ၁၇ရက်အထိ ကျင်းပမည် ဖြစ်သည်။ အုပ်စုများ ရေးဆွဲထားပြီးဖြစ်ရာ အုပ်စု(က)၌ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူနှင့်နီပေါ၊ အုပ်စု(ခ)၌ အီရန်၊ အီရတ်၊ တာဂျစ်ကစ္စတန်နှင့် ယီမင်၊ အုပ်စု(ဂ)၌ မြန်မာ၊ မြောက်ကိုရီးယား၊ လာအိုနှင့် ဆော်ဒီအာရေဗျ၊ အုပ်စု(ဃ) ၌ တရုတ်၊ ဗီယက်နမ်၊ ဆီးရီးယားနှင့် ဘင်္ဂလားဒေ့ရှ်တို့ ပါဝင်ကြသည်။

ကြိုးစားယှဉ်ပြိုင်

စင်ကာပူခြင်္သေ့ဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း အောင်မြင်မှုရရှိသော အစဉ်အလာကောင်းများ ရှိထားသည်။ မြန်မာလူငယ်ဘောလုံးအသင်းမှ အားကစားသမားများသည် တစ်ချိန်သောကာလ၌ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အမာခံအင်အားများဖြစ်ရာ ခြင်္သေ့ဖလားဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြရမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စင်ကာပူခြင်္သေ့ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အသက် (၁၇)နှစ်အောက် မြန်မာ လူငယ်လက်ရွေးစင်ဘောလုံးအသင်းမှ နည်းပြနှင့်အားကစားသမားများအား လေ့ကျင့်ရေးကွင်း၌ ဤသို့ တွေ့ရသည်။ ဓာတ်ပုံ–အောင်မြင့်(ပြန်/ဆက်)

ကမ္ဘာ့ဖလား သတင်းဝယက်

ဂျာမနီသို့ခရီးဆက်မည့် ကမ္ဘာ့ဖလားလက်ရှိချန်ပီယံ ဘရာဇီးလက်ရွေးစင်ဘောလုံးအသင်း။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားယူမည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဘရာဇီးထွက်ခွာလာပြီ ဆွစ်ဇာလန်၌ တစ်ထောက်နားလေ့ကျင့်ပြီး ဂျာမနီသို့ခရီးဆက်မည်

ဝက်ဂစ်(ဆွစ်ဇာလန်) မေ ၂၄

ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလား အကြိုလေ့ကျင့်မှုပြုလုပ်ရန် မေ ၂၂ ရက်က ဝက်ဂစ်အပန်းဖြေစခန်းရှိ လေ့ကျင့်ရေး အားကစားကွင်းသို့ရောက်ရှိလာသည်။

လာရောက်ကြည့်ရှု

ဘောလုံးသမားများစီးနင်းလိုက်ပါသော ဘတ်စ်ကားသည် ဒေသစံတော်ချိန် ၁၆ နာရီတွင် မူလ စီစဉ်ထားသော အချိန်ထက် တစ်နာရီနောက်ကျပြီး ယင်းတို့၏ တည်းခိုမည့် ဟိုတယ်သို့ရောက်ရှိလာရာ မီဒီယာများနှင့် ဘောလုံးဝါသနာရှင်ပရိသတ်များက လာရောက်ကြည့်ရှုကြသည်။

ပြုစုရေးသားသူ မြင့်မောင်ခိုး

ပါဝင်

ကစားသမားအချို့သည် ကိုယ့်အစီအစဉ်ဖြင့်ရောက်ရှိလာကြရာ ရီးရဲမက်ဒရစ် တိုက်စစ်မှူးရော်နယ်ဒိုလည်း အပါအဝင်ဖြစ်သည်။ ယင်းတို့တွင် အေစီမီလန်မှ ကာကာ၊ ကာဖူးနှင့် ဂိုးသမားဒီဒါတို့လည်း ပါဝင်သည်။

ဘရာဇီး ဘောလုံးသမားများသည် ဗုဒ္ဓဟူးနေ့ အစောပိုင်းတွင် လေ့ကျင့်ရေးကွင်းသို့ မဆင်းမီ မေ ၂၃ ရက်က အနီးအနားရှိ ဆေးခန်းတစ်ခု၌ ဆေးစစ်ဆေးမှုများ ခံယူကြသည်။

လက်မှတ်များရောင်းချ

၎င်းတို့လေ့ကျင့်မည့် အားကစားကွင်းသည် ပရိသတ် ၅၀၀၀ ဆံ့ရာလူ ၁၀၀၀ကျော်တို့အား လေ့ကျင့်နေစဉ်အတွင်း လာရောက်ကြည့်ရှုရန် လက်မှတ်များ ရောင်းချပေးခဲ့ကြောင်း ကျင်းပသူက ပြောကြားသည်။

ယှဉ်ပြိုင်ကစားမည်

ဘရာဇီးအသင်းသည် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အုပ်စု (စ)တွင် ပါဝင်ပြီး ခရိုအေးရှား၊ သြစတြေးလျ၊ ဂျပန်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘရာဇီး ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားမကျင်းပမီ ဇွန် ၃ရက်အထိ တိုင်အောင် ဆွစ်ဇာလန်နိုင်ငံ ဝက်ဂစ်၌ ရှိနေမည်ဖြစ်ကြောင်း သိရသည်။ ထိုအတောအတွင်း ဘရာဇီးအသင်းသည် နယူးဇီလန်အသင်းနှင့်လည်း ချစ်ကြည်ရေးပွဲကစားမည်ဖြစ်ကြောင်းသိရသည်။ ထိုမှတစ်ဆင့် ဘရာဇီးဘောလုံးအသင်းသည် ဂျာမနီသို့ ခရီးဆက်မည်ဖြစ်သည်။ ယင်းတို့သည် မေ ၂၁ ရက် ညပိုင်းက ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့မှ ထွက်ခွာခဲ့ကြသည်။

ယုံကြည်ချက်

မိမိတို့ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားကို ရယူမည်ဟူသော ယုံကြည်ချက် အပြည့်အဝဖြင့် ဂျာမနီသို့ ခရီးဆက်မည်ဖြစ်ကြောင်း နည်းပြကားလို့စ် အယ်လ်ဘာတိုဖရဲယားက သတင်းထောက်များအား ပြောကြားသည်။

လိုက်ပါ

ဘရာဇီးဘောလုံး အသင်းတွင် ကမ္ဘာ့ဖလားတွင် ခုနစ်ကြိမ် တိုင်တိုင် ပါဝင်ခဲ့သူ နည်းစနစ်ပိုင်း ဆိုင်ရာ ညှိနှိုင်းရေးမှူး မာရီယိုဇာဂါလိုလည်း လိုက်ပါလာကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်(ယာ)**နှင့် ရုရှားနိုင်ငံသူ ဒီနာရာဆာဖင်တို့အား ရောမမာစတာဖလား တင်းနစ်ဗိုလ်လုပွဲတွင် ဖလားများနှင့်အတူ မေ ၂၁ရက်က တွေ့ရစဉ်။** (မာတီနာဟင်းဂစ်အဖို့ ယခုနှစ်တွင် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာပြီးနောက် ပထမဆုံး ဆွတ်ခူးခဲ့သည့် ဖလားဖြစ်သည်။) **(ဓာတ်ပုံ-စထရိတ်တိုင်းမ်)**

ဘရာဇီး တိုက်စစ်မှူးရော်နယ်ဒို ပေါင်ဒဏ်ရာရရာမှ ပြန်ကောင်းလာ

ဝက်ဂစ်(ဆွစ်ဇာလန်) မေ ၂၄

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုသည် လွန်ခဲ့သော ခြောက်ပတ်က ပေါင်ဒဏ်ရာရရှိရာမှ ပြန်ကောင်းလာပြီဖြစ်ကြောင်း ဘရာဇီးနည်းပြ ဖရဲယားက ပြောကြားလိုက်သည်။

ရော်နယ်ဒိုအား ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ် ဇွန် ၁၃ ရက်တွင် ကစားမည့် ခရိုအေးရှားအသင်းနှင့် ပွဲစဉ်တွင် ထည့်ကစားရန် နည်းပြဖရဲယားက ရည်ရွယ်ထားသည်။ ၎င်းကို ပွဲချိန်အပြည့်ထည့်ကစားရန်အထိ နည်းပြက မျှော်လင့်ထားသည်။

လေ့ကျင့်

ရော်နယ်ဒိုသည် ပို၍ကောင်းလာကြောင်း၊ ၎င်းသည် လေ့ကျင့်မှုများ ပြင်းပြင်းထန်ထန် လုပ်ထားကြောင်း ဖရဲယားက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ တိုက်စစ်မှူးသည် ကိုယ်အလေးချိန်များလာမှုကြောင့် ပြီးခဲ့သော ဘောလုံးရာသီက ဒဏ်ရာအသေးအဖွဲများ ဆက်တိုက်ရခဲ့သည်။

၎င်းသည် ဧပြီ ၈ရက်က ရီးရဲမက်ဒရစ်အသင်းနှင့် ရီးရဲဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ညာဘက်ပေါင် ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အင်္ဂလန်အသင်းတိုက်စစ်မှူး ရွန်နေ၏ လေ့ကျင့်နေမှုကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ရွန်နေ ကမ္ဘာ့ဖလားပွဲပါဝင်ရေး နည်းပြအဲရစ်ဆင် ထောက်ခံအားပေး

ဝက်ဖို့ဒ်(အင်္ဂလန်) မေ ၂၄

ဒဏ်ရာရထားသော အင်္ဂလန်အသင်းတိုက်စစ်မှူး ရွန်နေသည် ကမ္ဘာ့ဖလားကစားရန်အတွက် အချိန်မီ ပြန်ကောင်းလိမ့်မည်ဟု ယုံကြည်ကြောင်း အဲရစ်ဆင်က ပြောကြားသည်။

မျှော်လင့်

အသက်(၂၀) အရွယ်ရှိ မန်ယူ တိုက်စစ်မှူး ရွန်နေသည် ခြေကျိုးဒဏ်ရာ နောက်ဆုံး ဓာတ်မှန်ရိုက်စစ်ဆေးမှုကို မေ ၂၅ရက် (ယနေ့)တွင် ပြုလုပ်မည်ဖြစ်ရာ အားလုံးက ပြန်ကောင်းလာမည်ဟု မျှော်လင့်ထားကြောင်း အဲရစ်ဆင်က ပြောကြားသည်။

မေ ၂၆ ရက်တွင် ၎င်း၏ အခြေအနေကို မိမိတို့သိရလိမ့်မည် ဖြစ်ကြောင်း အဲရစ်ဆင်က မေ ၂၂ ရက်၌ သတင်းထောက်များအား ပြောကြားသည်။

တိုးတက်

ကမ္ဘာ့ဖလားကျင်းပနေစဉ်အတွင်း ရွန်နေသည် အဆင်သင့် ဖြစ်နေလိမ့်မည်ဟု မိမိအကြွင်းမဲ့ ယုံကြည်ထားကြောင်း၊ ရွန်နေနှင့် ၎င်း၏ဆရာဝန်များနှင့် အမြဲမပြတ် ဆက်သွယ်မှုပြုလုပ်လျက်ရှိကြောင်း၊ ၎င်းသည် ပို၍ပို၍ ကျန်းမာရေးအခြေအနေတိုးတက်လာကြောင်း အဲရစ်ဆင်က ပြောကြားသည်။

လောလောဆယ်တွင် ရွန်နေ နေရာတွင် မိုက်ကယ်အိုဝင်နှင့် ပီတာခရော့ချ်တို့အတွဲကို ရွေးချယ်သည်။ ယင်းတို့နှစ်ဦးကို အင်္ဂလန်အသင်းနှင့် ပါရာဂွေးအသင်းတို့ ဇွန် ၁၀ ရက်တွင် မကစားမီ ဟန်ဂေရီနှင့် ဂျမေကာတို့နှင့်ချစ်ကြည်ရေးပွဲများ၌ ပါဝင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဘရာဇီးအသင်း၏ အဓိက ကစားသမား ရော်နယ်ဒင်ဟို၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ရွန်နေကို ကုသပေးသည့် ဆရာဝန် မန်ယူက အလုပ်ဖြုတ်လိုက်ပြီ

လန်ဒန် မေ ၂၄

အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ခြေကျိုးရာမှ ပြန်ကောင်းလာအောင် ကြိုးကြပ်ကွပ်ကဲခဲ့သော မန်ယူအသင်း၏ ဆရာဝန် မိုက်စတုန်းအား မန်ယူက အလုပ်ဖြုတ်လိုက်ကြောင်း ဗြိတိသျှမီဒီယာတွင် မေ၂၄ရက်ကဖော်ပြသည်။

စတုန်းသည် မန်ယူအတွက် ၁၀ နှစ်တာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဧပြီ ၂၉ရက်က မန်ယူနှင့်ချယ်လ်ဆီး ကစားသည့်ပွဲတွင် ရွန်နေ ဒဏ်ရာရရှိသွားခဲ့ရာ အဆိုပါ ဆရာဝန်က ပြန်လည် ကောင်းမွန်လာရေးအတွက် ကြီးကြပ် ဦးဆောင်ခဲ့သည်။

မိုက်စတုန်းအား မန်ယူမှ ထွက်ခွာခွင့်ပြုသည်ကို မိမိတို့ အတည်ပြုပြောကြားနိုင်ကြောင်း မန်ယူမှပြောခွင့်ရပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကို သည်ဆန်းသတင်းစာက ဖော်ပြသည်။

အဆိုပါ ဆရာဝန်သည် ရွန်နေအား ၂၀၀၄ခုနှစ်က ယူရို-၂၀၀၄ပြိုင်ပွဲတွင်လည်း ခြေချောင်းဒဏ်ရာ ရရှိမှုကို ကုသပေးခဲ့သူဖြစ်သည်။

မန်ယူမန်နေဂျာ ဖာဂူဆန်နှင့် ဒါရိုက်တာ ဘော်ဘီချာလ်တန်တို့က ရွန်နေအား ဒဏ်ရာ အသေအချာ မပျောက်ကင်းပါက ကမ္ဘာ့ဖလားပွဲတွင် ပါဝင်မကစားရန် သတိပေးပြောကြားထားကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာ့ဖလားအင်္ဂလန်အသင်းတွင် ဝေါကော့တ်ပါဝင်သင့်ဟု အဲရစ်ဆင်ပြောကြား

ဝက်ဖို့ဒ်(အင်္ဂလန်) မေ ၂၄

အသက် ၁၇နှစ်အရွယ်ရှိ သီအိုဝေါကော့တ် ကမ္ဘာ့ဖလားတွင် ပါဝင်ကစားရန် အလွန့်အလွန်ငယ်သေးကြောင်း ဘော်ဘီချာလ်တန်က ဝေဖန်ပြောဆိုသည်ကို အင်္ဂလန်အသင်းနည်းပြ ဆဗင်ဂိုရမ်အဲရစ်ဆင်က လက်မခံပယ်ချလိုက်သည်။

ဝေါကော့တ်သည် အလွန်ငယ်သော ဘောလုံးသမားဖြစ်သော်လည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ခေါ်သွားသင့်သည်ဟု မိမိထင်မြင်ကြောင်း အင်္ဂလန်နည်းပြအဲရစ်ဆင်က သတင်းထောက်များအား ပြောကြားသည်။

အံ့သြနေ

လွန်ခဲ့သောနှစ်ပတ်က ကမ္ဘာ့ဖလားဘောလုံးပွဲယှဉ်ပြိုင်မည့် အင်္ဂလန်အသင်းလူစာရင်း၌ ဝေါကော့တ်အမည်ကို ထည့်ထား၍ လူတိုင်းက အဲရစ်ဆင်ကို အံ့သြနေကြသည်။

ချာလ်တန်၏ပြောဆိုဝေဖန်နေမှုများကို မိမိအနေဖြင့် နောင်တရလိမ့်မည်မဟုတ်ကြောင်း၊ မေ ၁၉ရက်က လေ့ကျင့်ရေးကွင်း၌ ဝေါကော့တ် နှစ်ဂိုးသွင်းပေးသည်ကို တွေ့မြင်ရလျှင် အလွန်ကောင်းသည့်ကစားသမားဟု ပြောကြလိမ့်မည်ဖြစ်ကြောင်း အဲရစ်ဆင်က လေ့ကျင့်ရေးကွင်းနံဘေး၌ သတင်းထောက်များအား ပြောကြားသည်။

၎င်းသည် အရည်အချင်းပြည့်ဝသည့်ကစားသမားဖြစ်ကြောင်း စိတ်ပိုင်းဆိုင်ရာတစ်ခုသာ အသင့်ပြင်ထားရန် လိုကြောင်း အဲရစ်ဆင်က ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက် ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော် ကြည့်ရှုလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေး သူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက် မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းဝေငှထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန် ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀)၊ ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၁၂၉-၁၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့။ ဖုန်း - ၃၈၀၃၄၅၊ ၂၉၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့။ ဖုန်း - ၂၉၄၃၀၆

အမျိုးသား၊အမျိုးသမီး သက်တန်းအလိုက်ရေကူးပြိုင်ပွဲ

ရန်ကုန် မေ ၂၄

အားကစားဝန်ကြီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အမျိုးသား၊ အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် မေ၂၈ရက်နှင့် ၂၉ရက်တို့၌ မွန်းလွဲ ၂နာရီမှ စတင်၍ ကျင်းပသွားမည် ဖြစ်သည်။

ယှဉ်ပြိုင်ကြမည်

အဆိုပါ သက်တန်းအလိုက် ရေကူးပြိုင်ပွဲသို့ ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာ ရေကူးအသင်းများနှင့်ရေကူးကန်များမှ ရေကူးအားကစားသမားများအပြင် မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့မှ ရေကူး အားကစားသမားများ အပါအဝင် စုစုပေါင်း ၁၁၅ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၌ သက်တန်းအလိုက်ပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိသူများကိုသာ ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ရေကူး အားကစားဝါသနာရှင်များအနေဖြင့် အခမဲ့ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မေ၂၅ရက်မှ၃၁ရက်အထိကျင်းပမည့် အင်ဒိုနီးရှား လေးနိုင်ငံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဗိုလ်ကြီးကျော်ဇင်မိုး ခေါင်းဆောင်သော မြန်မာပိုက်ကျော်ခြင်းအဖွဲ့အား မေ၂၃ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်တွေ့ရစဉ်။ (မြန်မာ့အလင်း)

အမျိုးသား၊အမျိုးသမီး တာဝေးစက်ဘီးစီးပြိုင်ပွဲ

ရန်ကုန် မေ ၂၄

၂၀၀၆ခုနှစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီးတာဝေးစက်ဘီးစီးပြိုင်ပွဲကို မေ၂၇ရက်(စနေနေ့)တွင် ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမပေါ်၌ ကျင်းပမည်ဖြစ်သည်။

ပန်းဝင်ကြမည်

အမျိုးသား ကီလိုမီတာ၁၆၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မိုင်တိုင်(၉)မိုင်မှ နံနက်၇နာရီခွဲတွင်လည်းကောင်း၊ အမျိုး သမီး ကီလိုမီတာ ၈၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို ဧရာဝတီတိုင်း ပန်းတနော် မြို့နယ် အင်းမတံတားထိပ်မှ နံနက် ၈နာရီတွင်လည်းကောင်း စတင်တာထွက်ကြပြီး ရန်ကုန်–ပုသိမ်လမ်းမအတိုင်း စီးနင်းကာ ပုသိမ်မြို့ အဝင် အဝိုင်းကြီးထိပ်တွင် ပန်းဝင်ကြမည်ဖြစ်သည်။

မေတ္တာရပ်ခံထား

သို့ဖြစ်ပါ၍ ရန်ကုန်–ပုသိမ်လမ်းမပေါ်၌ ပြိုင်ပွဲကျင်းပနေချိန်အတွင်း မောင်းနှင်သွားလာကြမည့် မော်တော်ယာဉ်များ၊ အနှေးယာဉ်များနှင့် လမ်းသွားလမ်းလာများသည် ပြိုင်ပွဲဝင်စက်ဘီးစီးအားကစားသမားများကို ဦးစားပေး မောင်းနှင်သွားလာကြပါရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အမျိုးသမီး မီတာ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် အားကစားမယ်များ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲဆက်

ရန်ကုန် မေ ၂၄

၂၀၀၆ခုနှစ် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား(၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၈နာရီမှစ၍ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် ဆက်လက်ကျင်းပသည်။

ဆက်လက်ကျင်းပ

အမျိုးသမီး မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခိုင်မာဦး (လယ်/ဆည်)၊ ဒုတိယ ခင်စိုးငွေ (မြို့တော်စည်ပင်)၊ တတိယ အေးအေးသင်း(မွေး/ရေ)တို့ ရရှိသွားကြသည်။

ယနေ့ ပွဲစဉ်များအဖြစ် အမျိုးသား မီတာ၄၀၀၀ တစ်ဦးချင်း အမီလိုက် ရှုံးထွက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၊ အမျိုးသမီး မီတာ၄၀၀၀တစ်ဦးချင်းအမီလိုက် ရှုံးထွက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပသည်။

ကျင်းမည်

ပြိုင်ပွဲများကို မေ ၂၅ရက်**(ယနေ့)** နံနက်၈နာရီတွင်စတင်ကျင်းပမည်ဖြစ်ပြီး မီတာ၄၀၀၀ တစ်ဦးချင်းအမီလိုက် ပြိုင်ပွဲ၊ မီတာ၈၀၀အုပ်စုတစ်ဦးချင်း ပြိုင်ပွဲ၊ မီတာ၁၀၀၀၀အုပ်စု တစ်ဦးချင်း ပြိုင်ပွဲများ၏ အမျိုးသား အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၄

ဗုဒ္ဓသာသနာ အဓွန့်ရှည် တည်တံ့စေရန် မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေး ပိဋကတ်တော်တစ်ဆူ ပြုလုပ် လှူဒါန်းနေရာ ဦးဆောင်ဆရာ တော် ဘဒ္ဒန္တဉာဏ(သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်း မြို့နယ်ထံသို့ လာရောက်လှူဒါန်း ကြသော အလှူရှင်များမှာ ကွယ် လွန်သူမိဘနှစ်ပါး ဦးဘအောင်–ဒေါ်မတူတို့အား ရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် ထီးတန်း အိမ်ရာ တိုက်အမှတ်၃ အခန်း ၂၀၁နေ သား ဦးဘမောင်၊ စမ်းချောင်းမြို့နယ် အင်္ဂပူလမ်း အမှတ်၃၅နေ ဦးကျော်ဝင်း–ဒေါ် မြခင်မိသားစု၊ ဒေါ်မြရီ–ဦးဦး ကျော်လှ၊ ဒေါ်မြသဇင်၊ ကွယ် လွန်သူဖခင်ကြီး ဦးဘိုးမြင့်အား ရည်စူး၍ ဒဂုံမြို့သစ်(မြောက် ပိုင်း) ၃၅ရပ်ကွက် နတ်ရေကန် ၁လမ်း အမှတ်၇၈ဝနေ ကျန်ရစ် သူ ဒေါ်မကြီးမိသားစု၊ ကြည့်မြင် တိုင်မြို့နယ် အမှတ် ၁၀ အခန်း ၄၆ ပန်းလှိုင်အိမ်ရာနေ ဦးစံလှိုင် မိသားစု၊ လှိုင်မြို့နယ် ဘုရင့်နောင်ပွဲရုံတန်း၊ ယုဇနလမ်း အမှတ် ၄/၉နေ ဦးကောက်တင်–ဒေါ်ကြင်အေး မိသားစုတို့က ကြေးပြားတစ်ချပ်စီ အသီးသီး လာရောက်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်း လမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၀၅သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ **(က–ပ)**

မေတ္တာရှင်ဆရာဝန်ကြီးများနှင့်စေတနာရှင်အလှူရှင်များဂုဏ်ပြု

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းကဦးဆောင်သည့် မွန်ပြည်နယ် အစင်ကျေးရွာ၊ လမိုင်းကျေးရွာ၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး–မူဆယ် လမ်းတစ်လျှောက် ကျေးရွာပေါင်းသုံးဆယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် တပ်ဦး ကျေးရွာတို့သို့ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးကုသရေးခရီးစဉ်များ၌ လိုက်ပါကုသပေးကြသည့် မေတ္တာရှင် ဆရာဝန်ကြီးများနှင့်ကူညီပံ့ပိုးကြသည့် စေတနာရှင်အလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်၁၀နာရီတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။

ဂုဏ်ပြုစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ အငြိမ်းစား သံအမတ်ကြီး ဦးမောင်မောင်စိုးတင့်က ကြိုဆိုဂုဏ်ပြုစကားပြောကြားသည်။ ဆက်လက်၍ UNDP နှင့် UNODC တို့မှ ကိုယ်စားလှယ်တို့က လူမှုရေးအသင်းအဖွဲ့များ၏ အခန်းကဏ္ဍကို ရှင်းလင်းပြောကြားကြသည်။

အတွေ့အကြုံများရှင်းလင်း

ယင်းနောက် အသင်း၏ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဆရာဝန်ကြီး ဒေါက်တာအောင်ခင်က ပြည်နယ်များသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ကုသမှုအတွေ့အကြုံများကို ဆလိုက်များဖြင့် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးနေ့ဆုတောင်း

အချစ်ဆုံးသမီးကြီး **မြချိုချိုလွင်** ၏ ၂၅–၅–၂၀၀၆ရက်တွင် ကျရောက်သော မွေးနေ့မှ နောင်နှစ်ပေါင်း ၁၂၀တိုင် ကျန်းမာချမ်းသာ ပြည့်စုံပြီး ချစ်သမီးကြီး၏ လိုအင်ဆန္ဒများ ပြည့်ဝပြီး ထူးချွန်ထက်မြက်သော သမီးရတနာ လေးဖြစ်ပါစေ။

ချစ်ပါးပါး – ဦးဝင်းကျော်(ခ) ဦးချောင်း
ချစ်မားမား – ဒေါ်မိုးမိုးလွင်
(3D စတိုး၊ ကော့သောင်း)
ချစ်မောင်လေး– ဖြိုးဝေယံကျော်
ချစ်ညီမလေး – မြတ်နိုးသီရိကျော်။

မိုးညှင်းဝိပဿနာတိုက်သစ် ပဌမအကြိမ်အလှူငွေပေးအပ်ပွဲ

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၈၅ ဓမ္မစေတီလမ်း မိုးညှင်း ဝိပဿနာတိုက်သစ်ကြီး၏ ရွှေရတု စိန်တိုးကျောင်းဆောင် တော်ကြီး အသစ်တဖန်ပြန်လည် ဆောက်လုပ်လှူဒါန်းခြင်း၌ ပဌမ အကြိမ် အလှူငွေပေးအပ်ပွဲကို(၁၃၆၈ခုနှစ် နယုန်လဆန်း ၁ရက်) မေ၂၇ရက်(စနေနေ့) နံနက်၈နာရီတွင် မိုးညှင်းဓမ္မာရုံတော်ကြီး အတွင်း၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ မိုးညှင်းဒါယကာ ဒါယိကာမ၊ ကျောင်းဒါယကာ ကျောင်းအမအပေါင်းတို့အား မပျက် မကွက် တက်ရောက်ကြပါရန် ကျောင်းဆောင်ဖြစ်မြောက်ရေး နာယကဆရာတော်နှင့် ကျောင်းအကျိုးဆောင်လူကြီးမင်းများက နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များ ရောင်းမည်

ဆန်းထူးကုမ္ပဏီမှ ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေး အခြေစိုက်စခန်း၌ ၂၀၀၅–၂၀၀၆ခုနှစ်တွင် စိုက်ပျိုးထားသော **ဆန်းထူး** ကုမ္ပဏီပိုင် မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များကို ဦးရာလူစနစ် ဖြင့် ရောင်းချမည်။

ဆက်သွယ်ရန် ဖုန်း – ၀၁–၅၉၀၃၂၀
၀၁–၅၉၁၃၅၆
၀၉–၅၀၁၀၁၅၃
၀၅၈–၇၀၀၅၄။

ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ မောင်းကုန်းသကြားစက်ရုံရှိ အောက်ဖော် ပြပါလုပ်ငန်းစဉ်များတွင်ခန့်ထားရန် ဝန်ထမ်းများ အဆင့်မျိုးစုံအလိုရှိသည်။

၁။ ကြိတ်စင်	**၂။ ဘွိုင်လာ**
၃။ တာဘိုင်	**၄။ သံရည်ကျို**
၅။ ထုံး/ကန့်ရော	**၆။ လေယာစစ်**
၇။ ဓာတ်ခွဲခန်း	**၈။ Instrument ပြင်**
၉။ လျှပ်စစ်ဓာတ်အား ထိန်း/ပြင်	

လျှောက်ထားလိုသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်။
(၁) အသက်ကန့်သတ်ချက်မရှိပါ။
(၂) ကျန်းမာရေးကောင်းမွန်ရမည်။
(၃) လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာပေးမည်။
(၄) လုပ်ငန်းအတွေ့အကြုံရှိခဲ့ပါက ထောက်ခံစာ အပြည့်အစုံပါရှိရမည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လျှောက်ထားရမည်။ ၁၁–၆–၂၀၀၆ရက်တွင် အောက်ပါလိပ်စာ၌ လူတွေ့ စစ်ဆေးမည်။

မောင်းကုန်းသကြားစက် ရုံးခန်း၊ ၇၇ x ၃၂လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း–၀၂–၈၉၆၅၂။

ကျေးဇူးဆပ်ပါမည်

မိုးကြိုးခြသေ့် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံ တင်လက်မှတ် (၄၂၇/၂၀၀၅–၀၆) ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဦးဇာနည်ထွန်း ဖုန်း–၅၅၈၈၁၀။

သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးဖိုးနီ ၁၂/ခရန(နိုင်) ၀၆၂၀၁၈၏ သားသမီးများဖြစ်ကြသော မလှကြိုင်၊ ကိုထွန်းညွန့်၊ ကိုကြည်ဝင်း၊ မမြင့်၊ မန့်တို့သည် ဖခင်ဖြစ်သူ ကျွန်တော့်အား ကိုယ်စိတ်နှလုံး ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ကြသောကြောင့် သား သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ကြောင်း အများသိစေရန် ကြေညာ လိုက်သည်။ **ဦးဖိုးနီ ဒေါ်ပုံစုကျေးရွာ၊ ပန်းတောချောင်းကျေးရွာအုပ်စု ခရမ်းမြို့နယ်၊ရန်ကုန်တိုင်း။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်–၄၉၁

မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန် အသင်းတော်များအသင်း (၎င်းအသင်းတော်တာဝန်ပေးအပ် ခြင်းခံရသူ ဦးစောဖီးလစ်၊ တွဲဖက်ဘဏ္ဍာထိန်း) အမှတ် ၁၄၃၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဦးဌေးအောင် အမှတ်(၉၁)၊ အနော်ရထာလမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ၂။ ဦးမောင်စိန် တိုက်အမှတ် ၇၄/၇၆ ၅၄လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

၁။ ဦးဌေးအောင်၊ အမှတ် ၉၁၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ် တရားလို မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များ အသင်း (၎င်းအသင်းတော် တာဝန်ပေးအပ်ခြင်းခံရသူ ဦးစောဖီးလစ်၊ တွဲဖက် ဘဏ္ဍာထိန်း)က ပျက်ပြယ်သော ပဋိညာဉ်ဖြစ်ကြောင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ရန်မဖြစ်နိုင်တော့သော ပဋိညာဉ်(Frustration)ဖြစ်ကြောင်း မြွက်ဟ ကြေညာပြီး စရန်ငွေကို ရောင်းသူက ဝယ်သူသို့ ပြန်အမ်းစေကာ မြေနှင့်အိမ် အဆောက်အအုံအား တရားလိုလက်ဝယ်သို့ လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဇွန်လ ၁၂ရက် (၁၃၆၈ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည် မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ တွင် ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မေလ ၂၂ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးမောင်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ကြက်ခြေနီ သာမန်အဆင့်သင်တန်းဖွင့်ပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် မေ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ကြက်ခြေနီ သာမန်အဆင့် သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက်က ကြာနီကန်ရပ်ကွက် ကြာနီကန် အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မြို့နယ်အဖွဲ့ဝင်(၁) မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး ဒုတိယရဲမှူးလှဦးက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာမေသူဇော်က အသင်း၏ အခြေခံမူများအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ကြာမြင့်

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းကြက်ခြေနီတပ်ဖွဲ့မှ ဦးစီးမှူး(ပထမတန်း) ဦးဇော်ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ ကော်မတီဝင်များနှင့် သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်နှင့် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်တို့ မေ ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဆောင်ရွက်သော ဘားအံမြို့ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ လမ်းဘေးဝဲယာ ရေမြောင်းများ တူးဖော်ရှင်းလင်းမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပေါင်းတည်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ပေါင်းတည် မေ ၁၈

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် အဖွဲ့ပိုင် မြေလွတ်မြေလပ်များ၌ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ မြေချစိုက်ပျိုးမှုကို မေ ၁၄ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းဇော်တို့ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ဝ၆၄)

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြိုင်သာယာ ရပ်ကွက် ၃၅ လမ်းနှင့် လဂွန်းအိမ်လမ်းထောင့်၌ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဧပြီ ၂၉ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၂၆-၅-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မူဆယ်ခရိုင် ခြံစည်းရိုးကြက်ဆူစိုက်ခင်းများအကြောင်း)

၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကြက်ဟင်းခါးပင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (အေးသောအရိပ်သာဖြစ်ပါစေချင်)

ညနေပိုင်း

၁၆း၁၅ ရာသီခါမီ ဆေးပန်းချီ
(၁) မိုးရိပ်ညှို့သည်
(၂) တိမ်တမန်
(၃) လွဲမှားမိုး

၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (Y.M.B.A အသင်း နာယက ဦးခင်မောင်ထွေးနှင့် ဆွေးနွေးခန်း)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဓာတ်လမ်း (အတူပျော်စို့)

၁၈း၄၀ သိပ္ပံပညာ သိကောင်းစရာ (စိတ်သောကဖိစီးမှု အကြောင်း-မောင်ဆုရှင်)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေတ္တာစမ်းရေ
(၂) ချစ်လက်ဆောင်
(၃) အိပ်မပျော်သောညများ

မြို့နယ် သတင်းများ

မြေချစိုက်ပျိုး

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၁၀ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း ပျိုးထောင်ထားသော ခြံစည်းရိုး ကြက်ဆူပင်များ မြေချစိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (ဝ၈၅)

သီပေါ၌ ကျောင်းကျန်းမာရေးအလုပ်ရုံဆွေးနွေး ကျောင်းစျေးသည်များ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးစစ်ဆေး

သီပေါ မေ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်ပညာရေးကော်မတီ၊ မြို့နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ စုပေါင်းဆောင်ရွက်သည့် ကျောင်းကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်ကအမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးရှိန်တို့က ကျောင်းကျန်းမာရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက ကျောင်းသားကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရောင်းချရေးစီမံချက်ကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်လွင်လွင်ဦးနှင့် သူနာပြုအရာရှိဦးတင်မောင်ဝင်းတို့က ကျောင်းစျေးသည်များ တစ်ကိုယ်ရေသန့်ရှင်းရေး အစဉ်အမြဲရှိရန် ပညာပေးဟောပြောကြပြီး တာဝန်ခံဆရာဝန်များက ကျောင်းစျေးသည်များ၏ ကျန်းမာရေးကို စစ်ဆေးပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အဆို၊ အက၊ အတီး အခြေခံသင်တန်းဖွင့်

နွားထိုးကြီး မေ ၁၅

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အတီး အခြေခံပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက မြို့မ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ) နေဝန်း ကျောင်းဆောင် ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က သင်တန်းအဖွင့် အမှာစကားပြောကြားပြီး သင်တန်းကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

သင်တန်းသို့ အဆို၊ အက၊ အတီး သင်တန်းသား ၃၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေမြောင်းတူးဖော်

အင်္ဂပူမြို့ အမှတ်(၁)ရပ်ကွက် နန္ဒဝန်လမ်းတွင် မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများ ရေမြောင်းတူးဖော်ဆောင်ရွက်မှုကို မေ ၁၄ရက်က အမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် အမှတ်(၂) ရပ်ကွက်
မြကန်သာ(၂)လမ်း အမှတ်(၁၀)နေ
ဦးအုန်းသန်း(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)–ဒေါ်တင်ဝင်း
တို့၏သားငယ်

မောင်ဇေယျာဝင်း B.A (History)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် အမှတ်(၂) ရပ်ကွက်
မြကန်သာ(၂)လမ်း အမှတ်(၉)နေ
ဒေါ်သန်းဌေး(ပညာရေးတက္ကသိုလ်၊ ငွေစာရင်းဌာန)၏တူမ၊
ဦးကြီးမြင့်–ဒေါ်နှင်းကြည်[စက်မှု (၁) ဂျုံလုပ်ငန်း၊ ငြိမ်း]
တို့၏သမီးငယ်

မသန္တာအောင် B.A (History) 1st year

တို့သည် ၂၁–၅–၂၀၀၆ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ဇေယျာဝင်း–မသန္တာအောင်။

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အောင်ဆုလာဒ်အမည်ရှိ ငါးဖမ်းလှေ(လှေမှတ်ပုံတင်နံပါတ်–၃၇၇၉၊ စုစုပေါင်းတန်ချိန် ၅၇ ဒသမ၈၇)အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးဌေးအောင် ၆/သရခ(နိုင်)၀၀၃၀၃၆+ ဦးကြည်စိုးဦး ၇/ပကန(နိုင်) ၁၉၀၇၈၉ အမည်မှ ဦးထွန်းယု ၆/ထဝန(နိုင်)၀၆၆၈၃၀ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည် ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ညွှန်ကြားရေးမှူးချုပ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒေါပုံသင်္ဘောကျင်း ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ်၊ တရားမကြီးမှု အမှတ်–၄၂၁

ဦးတိုးဝင်း **နှင့်** ဒေါ်ခင်စန်းအေး
တရားလို **တရားပြိုင်**

တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၈၈၄(က)နေ ဒေါ်ခင်စန်းအေး (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဇွန်လ ၁ ရက်(၁၃၆၈ခုနှစ် နယုန်လဆန်း ၆ ရက်) နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်–၄၀

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် မြင်းခြံမြို့	**နှင့်**	၁။ ဦးဌေးလှိုင် ၂။ ဒေါ်လှမြင့်သန်း
တရားနိုင်		**တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ်–၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဇွန်လ ၂၀ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်၁၀ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ် (၅)ပြောင်းပြာဦးပိုင်အမှတ် (၁၈/င)ဧရိယာ ၀ ဒသမ ၀၄၂ ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ ၂၅ x၂၅x ၁၉ ပေရှိ နေအိမ်တွဲလျက် ၂၅ x၁၄x၉ ပေရှိ မီးဖိုဆောင်၊ အိမ်သာ၊ အုတ်ရေကန်၊ မြင်းခြံမြို့တလုပ်မြို့ကျေးရွာရှိ ကွင်းအမှတ်(၁၀၄)မြေကွက်အမှတ် ၆၈၀ ဧရိယာ ၀ဒသမ၅၁ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ ၅x ၅ ပင်သွပ်မိုး အုတ်ကာဂိုဒေါင်၊ ၅ x၅ ပင်ဝါးကပ်မိုး၊ ထရံကာဂိုဒေါင် ယင်းမြေကွက်ပေါ်ရှိ ၄x၃ပင်ဝါးကပ်မိုးထရံကာဂိုဒေါင်။ လေလံကြမ်းခင်းဈေး–**ကျပ်သိန်း (၉၀)**

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန် စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမူ
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်
တရားရုံး။

အမွေပြတ်စွန့်လွှတ်ခြင်း

မခင်စိုးဦး နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၀/ပမန(နိုင်)၁၂၇၉၆၂ သည် မိဘများဆိုဆုံးမသည်ကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍အမွေစား၊ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးအုံးဟန် ၁၀/ပမန(နိုင်)၀၄၇၁၄၅၊
ဒေါ်မိကွင်း ၁၀/ပမန(နိုင်)၀၄၀၈၃၉
ကျားဖိုလ်ကျေးရွာ၊
ပေါင်မြို့နယ်။

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဒီဇယ်အစားထိုး ခြံစည်းရိုးကြက်ဆူပင် တစ်သိန်း ပျိုးထောင်ထားမှုကို မေ၅ရက်က မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်မြို့နယ်အမှုဆောင်အရာရှိတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းစေတီတော် ဗုဒ္ဓပူဇနီယပွဲကျင်းပ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

ကျောက်ပန်းတောင်း မေ ၁၉

မြင်းခြံခရိုင်ကျောက်ပန်းတောင်းမြို့နယ် စတ္တိန်းကျေးရွာ ရှေးဟောင်းသမိုင်းဝင် မိုးကောင်းစေတီတော်၏ (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲ မဟာပဋ္ဌာန်းသိမ်းပွဲ အခမ်းအနားကို မေ၁၁ရက်က ကျင်းပရာမိုးကောင်းစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော် (မြို့နယ်သံဃာ့ဝန်ဆောင်) အဖွဲ့ဝင် ဘဒ္ဒန္တ ဝေပုလ္လအမှူးပြုသော ပင့်သံဃာတော် ၄၅ပါး ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပပြီး ကုသိုလ်စေတနာရှင် ဒါယကာ ဒါယိကာမများအား ကံကုန်းကျောင်းဆရာတော်က ကိုးပါးသီလချီးမြှင့်တော်မူသည်။

ပူဇော်

ထို့နောက် မိုးကောင်းစေတီတော် အနီးရှိ မဟာဗောဓိညောင်ပင်တွင် စိတ္တိန်းကျေးရွာအုပ်စုအတွင်းရှိကျေးရွာများမှယောဂီဝတ်အသင်းများ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များက ညောင်ရေသွန်း လောင်းပူဇော်ကြသည်။ **(ဝ၆၁)**

မေ ၂၁ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျောက်ဖြူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှတ်(၂)ကြက်ဆူပျိုးခင်းကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မြင့်က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

ခြံစည်းရိုး ကြက်ဆူပင်တစ်အုပ်တစ်မစိုက်ပျိုးပြီး လက်တွန်းထွန်စက် လက်တွေ့သရုပ်ပြမောင်းနှင်ပြသ

လယ်ဝေး မေ ၁၀

လယ်ဝေးမြို့နယ် ခြံစည်းရိုး ကြက်ဆူပင် တစ်အုပ်တစ်မစိုက်ပျိုးပွဲတော်ကို မေ ၄ရက် နံနက်ပိုင်းက ရန်ကင်း၊ ပုံချီ၊ ထိန်အင်း၊ ရေလည်ကွေ့နှင့် ဇေယျာသိမ်ကျေးရွာများတွင် ကျင်းပသည်။

အဆိုပါ ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးပွဲတော်၌ ရန်ကင်း ကျေးရွာ လေးဧကတွင် အပင် ၄၈၀၀၊ ထိန်အင်း ကျေးရွာ နှစ်ဧကတွင် အပင် ၂၄၀၀၊ ပုံချီကျေးရွာ နှစ်ဧကတွင် အပင် ၂၄၀၀၊ ကြာအင်းကျေးရွာ နှစ်ဧကတွင် အပင် ၂၄၀၀၊ ဇေယျာသိမ် ကျေးရွာ ခုနစ်ဧကတွင် အပင် ၈၄၀၀၊ ရေလည်ကွေ့ကျေးရွာ ငါးဧကတွင် အပင် ၆၀၀၀ စုပေါင်း စိုက်ပျိုးကြပြီး ခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမှတ်ကြီးက ကြက်ဆူပင် စိုက်ပျိုးရေး နည်းစနစ်များနှင့် အသုံးဝင်ပုံများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနက လက်တွန်းထွန်စက်များကို ကြက်ဆူဆီဖြင့် လက်တွေ့သရုပ်ပြမောင်းနှင်ပြသရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေးနှင့် ဒေသခံပြည်သူများက ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုလဲမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး စီမံခန့်ခွဲမှုဆင့်ပွားနှင့် အခြေခံမီးသတ်သင်တန်းဖွင့်

ပုလဲ မေ ၂၂

ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းနှင့် အခြေခံမီးသတ်သင်တန်း ဖွင့်ပွဲအခမ်းအနားများကို မေ ၁၄ရက် နံနက် ၁၀နာရီက ပုလဲအထက၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကားပြောကြားသည်။

ရည်ရွယ်ချက်

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်အရန်မီးသတ်တပ်စုမှူး ဦးမြင့်ဝေက သင်တန်းတွင် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းစည်းကမ်းများကို လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၁အုပ်စုမှ သင်တန်းသား သင်တန်းသူ ၈၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို မေ ၂ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကြက်ဆူ ၁၀ ဧကစိုက်ပျိုးရန် အတွက် ကြက်ဆူ ပျိုးပင် တစ်သိန်း ပျိုးထောင်ထားမှု အခြေအနေကို မေ ၉ရက်က အမှုဆောင် အရာရှိ ဦးမျိုးနိုင် အောင် ကွင်းဆင်း ကြပ်မတ် ဆောင် ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ဖတ်စာအုပ်များ ရိုက်နှိပ်မှုပြီးစီး ကျောင်းအပ်ချိန်မှစ၍ ကျောင်းသားများလက်ဝယ်ရောက်ရှိအောင် ဆောင်ရွက် လွယ်လွယ်ကူကူ၊ ဈေးနှုန်းမှန်မှန်ဖြင့် အချိန်မီဖြန့်ချိရန် အရေးကြီး

နေပြည်တော် မေ ၂၄

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၆)ကို ယမန်နေ့ ညနေ ၅နာရီခွဲက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။(**အောက်ပုံ**) ***စာမျက်နှာ ၃ ကော်လံ ၁*** ■

ပညာရေးနည်းပညာအထူးသင်တန်း အမှတ်စဉ်(၁)အတွက် သင်တန်းသားများခေါ်ယူ တစ်လသင်တန်းတက်ရောက်အောင်မြင်သူများကို အထက်တန်းပြအဖြစ်ခန့်ထားပေးမည် လုပ်သက်အရ ပညာရေးဘွဲ့(B.Ed)သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြုမည်

ရန်ကုန် မေ ၂၄

အခြေခံပညာကျောင်းများ၌ လိုအပ်နေသည့် အထက်တန်းပြရာထူးနေရာများတွင် တာဝန်ပေးရန်ရှိသဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့၌ ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၁) (Special Certificate in Education Technology)(SCET)သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ရာ သင်တန်းဝင်ခွင့်လျှောက်ထားသူများပြည့်စုံရမည့် အရည်အချင်းများမှာ လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ ဘာသာရပ်တစ်ခုခုတွင် ဘာသာရပ်ဘွဲ့(ဂုဏ်ထူးတန်း)နှင့် အထက်ရရှိသူများဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာအတွက် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)ရရှိသူများလည်း လျှောက်ထားနိုင်သည်။ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် အသက် ၃၀ ထက်မကြီးသူဖြစ်ရမည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကို မေ ၂၄ ရက်က ဆက်လက်ကျင်းပရာ အမျိုးသား မီတာ ၄၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (သတင်းအကျယ် စာ-၁၃) (မြန်မာ့အလင်း)

အဖျက်အမှောင့်လုပ်ရပ်များကို ပြည်ပနိုင်ငံအချို့နှင့် မြေပေါ်မြေအောက် အဖျက်သမားများနှင့် ပူးပေါင်းဆောင်ရွက် ကိုယ်ကျိုးအတ္တကြီးမားသည့် ပါတီအပေါ် လုံးဝစိတ်ဝင်စားမှု မရှိတော့ ဖားကန့်မြို့နယ် NLD ပါတီဝင် ၄၃ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၄

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်ကို အပါအဝင် မြို့နယ်အလုပ်အမှုဆောင် ခြောက်ဦးနှင့် ပါတီဝင် ၃၇ ဦး စုစုပေါင်း ၄၃ ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ ဖားကန့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်သူ ၄၃ ဦးတို့သည် ၎င်းတို့နုတ်ထွက်လွှာများကို မေ ၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ဖားကန့်မြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။ ***စာမျက်နှာ ၉ ကော်လံ ၁*** ❐